မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်၊ ၂၀၁၀ ခုနှစ်၊ ဧပြီ ၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၉၇)၊ အမှတ် (၁၈၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတံတား(မလွန်)တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်ရွှရပ်မှ လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ်ထုတ်လုပ်မှုကို ကိုယ်ပိုင်စွမ်းအားဖြင့် ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်အောင် ကြိုးစား အခြားစက်မှုလုပ်ငန်းများကို သာဂရစက်မှုနယ်မြေ၌ တည်ဆောက်ထူထောင်ထားပြီးဖြစ်

နိုင်ငံတော်အပိုင်း၊ ပညာရှင်အပိုင်းနှင့် ပြည်သူအပိုင်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

နေပြည်တော် မတ် ၃၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့နံနက် ၁၁နာရီခွဲတွင် မကွေးမြသလွန်စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

မကွေးစက်မှုနယ်မြေစီမံကိန်း မကွေးစက်မှုနယ်မြေစီမံကိန်းအတွင်းရှိ ဆောက်လုပ်ဆဲ စက်ရုံအဆောက်အအုံများကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဘဝနတ်ထံ ပျံလွန်တော်မူသွားသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၏ ဥတုဇဓာတ် ရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော်ကန်တော့

နေပြည်တော် မတ် ၃၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘဝနတ်ထံပျံလွန်တော်မူသွားသော သက်တော်(၈၈)နှစ် သိက္ခာတော်(၆၈)ဝါရှိတော်မူသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏အဓိပတိ၊ *စာမျက်နှာ ၃ ကော်လံ ၁* *

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဧပြီ ၁ ရက်)

ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ပိုမိုတိုးတက်ရေး ဆက်လက်ဖော်ဆောင် သားစဉ်မြေးဆက်အရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပဲခူးတိုင်း တောင်ငူမြို့ရှိ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းနှင့် ရွှေကျင်မြို့ရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ မတ်လ ၂၉ရက်နေ့က ကြည့်ရှုစစ်ဆေးခဲ့သည်။

သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းသည် တောင်ငူမြို့၏အရှေ့ဘက် ၁၄မိုင်ခန့်အကွာ သောက်ရေခပ်ချောင်းပေါ်၌တည်ရှိပြီး တပ်ဆင်စက်အင်အား ၁၂၀မဂ္ဂါဝပ် ရှိမည်ဖြစ်ပြီး နှစ်စဉ် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၆၀၄သန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသည် ရွှေကျင်မြို့၏အရှေ့မြောက်ဘက် ကျောက်နဂါးကျေးရွာအနီးရှိ ရွှေကျင်ချောင်းပေါ်၌တည်ရှိ၍ နှစ်စဉ် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၆၂သန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံကောင်းများကို ယခုကဲ့သို့ တည်ဆောက်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်၏စေတနာကို သိမြင်ပြီး နိုင်ငံတော်စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းသာယာရေးတို့အတွက် တက်ညီလက်ညီ လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ထို့ပြင် နယ်စပ်ဒေသများပါမကျန် နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် အရှေ့အနောက်တောင်မြောက် ကန့်လန့်ဖြတ်လမ်းများကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးထားပြီး အမျိုးသားရထားလမ်းကွန်ရက်များကိုလည်း ပြည်ထောင်စုတစ်ဝန်း ဆက်စပ် လွှမ်းခြုံနိုင်ရန် တိုးချဲ့ဖောက်လုပ်ပေးထားပေသည်။

နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးရည်မှန်းချက်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံထူထောင်ရေးပင်ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ထူထောင်ရေးတွင် အသိပညာရှင် အတတ်ပညာရှင်နှင့် နည်းပညာရှင်များစသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးအတွက် ဘားအံမြို့အပါအဝင် အချက်အချာကျသည့် ဒေသကြီး ၂၄ခု၌ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တစ်ခုစီ ထူထောင်ဖွင့်လှစ်ပေးထားသည်။ ကျန်းမာသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်ရေးအတွက် ဆေးရုံ၊ ဆေးခန်းများကိုလည်း ဖွင့်လှစ်ပေးထားပြီး ဘားအံမြို့တွင် ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ဖွင့်လှစ်ပေးခဲ့သည်။

တိုင်းရင်းသားပြည်သူများသည် နိုင်ငံတော်မှဖြည့်ဆည်းပေးထားသော ဖွံ့ဖြိုးမှုအခြေခံကောင်းများအပေါ် မိမိတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန် ဆက်လက်ကြိုးပမ်းသွားကြရမည်ဖြစ်ပြီး ဖွံ့ဖြိုးမှုအသီးအပွင့်များကိုလည်း ရေရှည်တည်တံ့ခိုင်မြဲရန် သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သရက်မြို့နယ်အသင်း(ရန်ကုန်) စည်းဝေးမည်

ရန်ကုန် မတ် ၃၁

သရက်မြို့နယ်အသင်း(ရန်ကုန်)၏ (၃၅)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၃ရက်(စနေနေ့) နံနက် ၈နာရီတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး သစ်လုပ်ငန်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်ပြည့် သက်ကြီးပုဂ္ဂိုလ်များ၊ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်းမိတ္တူများကို ဧပြီ ၂ရက်ထက် နောက်မကျစေဘဲ ဒေါ်သက်သက်ဆွေ ဖုန်း-၅၇၇၇၂၆၊ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်သွင်(ငြိမ်း) ဖုန်း-၀၉-၈၆၄၅၂၄၉၊ ဦးခင်မောင်လွင် ဖုန်း-၀၉-၅၁၀၁၀၆၀၊ ဦးမြတ်ထွန်း ဖုန်း-၀၉-၅၀၇၆၂၄၉၊ ဦးလှဝမ်း ဖုန်း-၆၄၃၆၀၇၊ ဗိုလ်မှူးစန်းအောင်(ငြိမ်း) ဖုန်း-၀၆၈-၂၁၄၂၉တို့သို့ ဆက်သွယ်စာရင်းပေးပို့ကြရန်နှင့် အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများအားလုံး တက်ရောက်ကြပါရန် နိုးဆော်ထားကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

ကြက်၊ ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး နေပြည်တော်တပ်ကုန်း၌ ပညာပေးဆွေးနွေး

နေပြည်တော် မတ် ၃၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးသည် မတ် ၁၈ရက် မွန်းလွဲ ၁နာရီက နေပြည်တော်တပ်ကုန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ကြက်၊ ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး ပညာပေးဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

ပညာပေးဆွေးနွေးပွဲသို့ နေပြည်တော်ခရိုင် ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော်၊ မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဒေါက်တာခင်မောင်မြတ်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ပညာပေးဆွေးနွေးပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးက ကြက်၊ ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ ပညာပေးဆွေးနွေးခြင်းကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ကြက်၊ ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တီဘီရောဂါ စမ်းသပ်စစ်ဆေးပေးနေမှု ကြည့်ရှုအားပေး

နေပြည်တော် မတ် ၃၁

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ယမန်နေ့ နံနက် ၈နာရီတွင် နေပြည်တော်ဒက္ခိဏသီရိမြို့ရှိ(?)…

မြဝတီရုပ်မြင်သံကြား

၁-၄-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	အမျိုးသားရေးတေးကဗျာ
၄:၃၅	၅။	ခါသကြ်န်အဆိုအကများ
၄:၅၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၅:၀၀	၇။	ခါသကြ်န်အဆိုအကများ
၅:၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၁။	လျှပ်တစ်ပြက်
၆:၂၅	၁၂။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၀	၁၃။	ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၂၆) (ဇာတ်သိမ်းပိုင်း)
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (အပိုင်း-၃၅)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	အနုပညာရှင်၏ တစ်နေ့တာ
	၂၀။	လျှပ်တစ်ပြက်
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာပျိုကညာ** (အပိုင်း-၂၄)

သင်္ကြန်ရက်များအတွင်း ဝတ်စုံပြည့်ဖြင့် တာဝန်ထမ်းဆောင်သည့် စာပို့လုလင်နှင့် ကြေးနန်းပို့လုလင်များအား ရေပက်ကစားခြင်း မပြုကြရန် မေတ္တာရပ်ခံထား

နေပြည်တော် မတ် ၃၁

မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် နှစ်သစ်ကူး မဟာသင်္ကြန်ရက်များအတွင်း မဟာသင်္ကြန်အကြတ်နေ့ဖြစ်သည့် ဧပြီ ၁၅ရက် (ကြာသပတေးနေ့)နှင့် နှစ်သစ်ကူး ရုံးပိတ်ရက်ဖြစ်သည့် ဧပြီ ၁၈ရက် (တနင်္ဂနွေနေ့)တို့တွင် အများပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စာဝေလုပ်ငန်းနှင့် ကြေးနန်းစာဝေလုပ်ငန်းများကို နားရက်မယူဘဲ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အမြန်ချောပို့လုပ်ငန်းကိုလည်း နှစ်သစ်ကူး မဟာသင်္ကြန်ရုံးပိတ်ရက် ၁၂ရက်အတွင်း ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ဆောင်ရွက်ပေးမည် ဖြစ်သည်။

မေတ္တာရပ်ခံ

အဆိုပါရက်များအတွင်း ဝတ်စုံပြည့်ဖြင့် တာဝန်ထမ်းဆောင်နေကြသည့် စာပို့လုလင်များ၊ ကြေးနန်းပို့လုလင်များအား ရေပက်ကစားခြင်း မပြုကြရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ကြိုဆို

နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များအား မကွေးမြသလွန် စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်အကြီးအကဲသည် မကွေးမြသလွန်စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်တို့ဖြင့် ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲသည် စေတီတော်မြတ်ကြီး၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှု ကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဧရာဝတီတံတား(မကွေး)ကို ဖြတ်သန်းပြီး မင်းဘူးမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကိုလည်းကောင်း၊ မကွေးမြို့ ဖွံ့ဖြိုးစည်ပင်သာယာမှုနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

မကွေးစက်မှုနယ်မြေစီမံကိန်း

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီတွင် မကွေးမြို့မှ ခြောက်မိုင်ခန့်အကွာ မကွေး-တောင်တွင်းကြီး ကားလမ်း၏ အနောက်တောင်ဘက်ရှိ မကွေးစက်မှုနယ်မြေ စီမံကိန်းသို့ ရောက်ရှိကြရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးအား စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက မကွေးစက်မှုနယ်မြေဖွဲ့စည်းမှု၊ တည်နေရာ၊ အကျယ်အဝန်း၊ Heavy Turbo Truck ထုတ်လုပ်မှုစက်ရုံစီမံကိန်း၊ Gear & Transmission ထုတ်လုပ်မှုစက်ရုံ စီမံကိန်းတို့၏ရည်ရွယ်ချက်၊ စီမံကိန်းဆိုင်ရာ အချက်အလက်၊ ထုတ်လုပ်မည့် မော်တော်ယာဉ်များနှင့် Transmission System (Gear Box) များ ထုတ်လုပ်မည့် အခြေအနေကိုလည်းကောင်း၊ စက်မှုသင်တန်းကျောင်း(မကွေး) တည်ဆောက်၍ မော်တော်ယာဉ်ဆိုင်ရာ ပညာရပ်များ သင်ကြားပေးမည့် အခြေအနေကိုလည်းကောင်း၊ စီမံကိန်းလုပ်ငန်းများ တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို လည်းကောင်း အသေးစိတ် ရှင်းလင်းတင်ပြသည်။

ကိုယ်ပိုင်စွမ်းအား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက မော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းကို မိမိတို့၏ ကိုယ်ပိုင်စွမ်းအားဖြင့် ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်နိုင်အောင် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားသွားကြရန်လိုကြောင်း။

ယခင်က ဘီ-၆၀၀၊ တီ-၂၀၀၀၊ တီအီး-၁၁ စသည်ဖြင့် မော်တော်ယာဉ်အမျိုးမျိုးကို ထုတ်လုပ်ခဲ့ကြသော်လည်း ပိုင်ပိုင်နိုင်နိုင်၊ ကျွမ်းကျွမ်းကျင်ကျင် ယာဉ်တစ်စီးလုံး ထုတ်လုပ်သည့်အဆင့်အထိ ဖြစ်ပေါ်အောင် အစီအမံများကို ခိုင်ခိုင်မာမာ မလုပ်နိုင်ခဲ့ကြကြောင်း။

ယခု ကုန်တင်မော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းကို နည်းပညာရယူနိုင်သည့် မိခင် ဗဟိုဌာနအဖြစ်ခံယူ၍ မြန်မာနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုကို ထိရောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ပေါင်းစပ်ဆောင်ရွက်

မော်တော်ယာဉ်ထုတ်လုပ်သည့်လုပ်ငန်းနှင့် ဆက်စပ်နေသော အခြားစက်မှုလုပ်ငန်းများကိုလည်း သာဂရစက်မှုနယ်မြေ၌ တည်ဆောက်ထူထောင်ထားပြီးဖြစ်၍ အောင်မြင်အောင် ပေါင်းစပ်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

မော်တော်ယာဉ်ထုတ်လုပ်သည့်လုပ်ငန်းကို နိုင်ငံတော်အပိုင်းက ဆောင်ရွက်ရုံသာ မဟုတ်ဘဲ ဒေသအလိုက် ပုဂ္ဂလိကစက်မှုဇုန်များမှ လုပ်ငန်းရှင်များထံ နည်းပညာရောက်ရှိအောင် ဆက်လက်လွှဲပြောင်းပေးနိုင်ရန် အရေးကြီးပြီး ယင်းပုဂ္ဂလိကလုပ်ငန်းရှင်များ ကိုယ်တိုင် မော်တော်ယာဉ်များကို ပိုင်ပိုင်နိုင်နိုင် ထုတ်လုပ်လာနိုင်အောင် ကြိုးစားကူညီစောင့်ရှောက်သွားရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်း၊ ပညာရှင်အပိုင်းနှင့် ပြည်သူအပိုင်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီးကြောင်းဖြင့် မှာကြားလမ်းညွှန်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မကွေးမြသလွန် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်အကြီးအကဲသည် မကွေးစက်မှုနယ်မြေစီမံကိန်းစက်ရုံ မြေနေရာအညွှန်းပြမြေပုံနှင့် အကြီးစားကုန်တင်ယာဉ်ထုတ်လုပ်မှုစက်ရုံ ပုံစံငယ်တို့ကို ကြည့်ရှုသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် Gear & Transmission Plant နှင့် Heavy Turbo Truck Manufacturing Plant တို့၏ တည်ဆောက်ပြီးစီးသော လုပ်ငန်းအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ဧရာဝတီတံတား(မလွန်)တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က ဧရာဝတီတံတား(မလွန်)တည်ဆောက်ရန် တံတားအူကြောင်းရှာဖွေခဲ့မှု၊ ဝွေးချောင်းဝဲ၊ ဝဲကြီးဝဲ၊ ကမ္ဘာ့နီဝဲစသည့် ဧရာဝတီဝဲများမှ လွတ်ကင်းရာ ရွှေလဝင်းဝဲ၏ အောက်ဘက်ရေစီးကြောင်းဖြောင့်ပြီး ကမ်းပါးတည်ငြိမ်သော တံတားအူကြောင်းကို ရွေးချယ်အတည်ပြုခဲ့မှု၊ တံတားဆိုင်ရာ အချက်အလက်များ၊ တံတားဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စီမံကိန်းလုပ်ငန်း၌ အသုံးပြုလျက်ရှိသော စက်ယာဉ်ယန္တရားနှင့် လူအင်အားအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၇ ကော်လံ ၅*

✻ ရှေ့ဖုံးမှ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၏ ဥတုဇဓာတ် ရုပ်ကလာပ်တော်အား ယနေ့နံနက်ပိုင်းတွင် သွားရောက်ဖူးမြော်ကန်တော့သည်။

မကွေးလေဆိပ်ရောက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နေပြည်တော်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၀နာရီတွင် မကွေးလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များအား မကွေးလေဆိပ်၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖူးမြော်ကန်တော့

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ကျောင်းတိုက် သိမ်တော်ကြီးအောက်ထပ်၌ အပူဇော်ခံထားရှိသော ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကန်တော့ကြသည်။

ယင်းနောက် မဟာဝိသုတာရာမ တိုက်သစ်ကျောင်းတိုက် သိမ်တော်ကြီးတွင် ရောက်ရှိနေကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ ဗန်းမော်တိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဒေါက်တာကုမာရာဘိဝံသအမှူးပြုသော ဆရာတော်များအား ဖူးမြော်ကန်တော့ကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဘဝနတ်ထံပျံလွန်တော်မူသည့် ဆရာတော်ကြီး၏ အန္တိမစျာပနကိစ္စများ အတွက် လှူဒါန်းငွေများကို စျာပနကျင်းပရေးကော်မတီသို့ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်စား အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ မတည် လှူဒါန်းသည့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘဝနတ်ထံပျံလွန်တော်မူသွားသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၏ ဥတုဇဓာတ် ရုပ်ကလာပ်တော်အား ဖူးမြော်ကန်တော့စဉ်။

(သတင်းစဉ်)

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန မြန်မာစီးပွားရေး ကော်ပိုရေးရှင်း၏ လှူဒါန်းငွေများကို အတွင်းရေးမှူး(၁)က လည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ လှူဒါန်းငွေကို ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသော ဝန်ကြီးများနှင့် အဖွဲ့အစည်းများ၏ လှူဒါန်းငွေများကို စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ပေးအပ်လှူဒါန်းသည်။

ပြန်လည်ထွက်ခွာ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မဟာဝိသုတာရာမတိုက်မှ ပြန်လည် ထွက်ခွာခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

အီရတ်-အာဖဂန်သတင်းများ

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် မတ် ၃၁

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မတ် ၃၁ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၀၈၁၄ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၅၇၅၃ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၀၈၁၄ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၅၇၅၃ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် မတ် ၃၁

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မတ် ၃၁ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၇၂၃ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၁၆၄ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၇၂၃ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၁၆၄ ဦး

(အင်တာနက်)

သမ္မတ အိုဘားမား၏ အာဖဂန်ခရီးစဉ်အပြီး အမေရိကန် စစ်အခြေစိုက်စခန်း ဒုံးကျည်ဖြင့်ပစ်ခတ်ခံရ

ကဘူးလ် မတ် ၃၁

အမေရိကန်သမ္မတ ဘားရက်အိုဘားမား၏ ခြောက်နာရီကြာ အာဖဂန်နစ္စတန်ခရီးစဉ်အပြီး အမေရိကန်စစ်အခြေစိုက်စခန်းကို တာလီဘန်စစ်သွေးကြွများက ဒုံးကျည်ဖြင့် ပစ်ခတ်ကြောင်း အာဖဂန်စစ်ဘက်အရာရှိများက မတ် ၃၀ရက်၌ ပြောကြားသည်။

၂၀၀၉ခုနှစ် ဇန်နဝါရီလအတွင်း အိုဘားမားသမ္မတအဖြစ် စတင်တာဝန်ယူစဉ်ကတည်းက အာဖဂန်နစ္စတန်ရောက် အမေရိကန်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံရန် မတ် ၂၈ရက်က ကဘူးလ်မြို့သို့ ပထမအကြိမ် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံအားပေး

သမ္မတအိုဘားမားသည် ကဘူးလ်မြို့ရှိ ဘာဂရမ်လေတပ်အခြေစိုက်စခန်းတွင် အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀၀ခန့်အား တွေ့ဆုံအားပေးစကားပြောကြားကာ ထွက်ခွာပြီးနောက် နာရီ အနည်းငယ်အတွင်း တပ်စခန်းမှာ ဒုံးကျည်ဖြင့်ပစ်ခတ်ခံရခြင်းဖြစ်ကြောင်း၊ သို့ရာတွင် သေကျေပျက်စီးမှုမရှိခဲ့ကြောင်း နေတိုးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အဆိုပါ ခရီးစဉ်အတွင်း သမ္မတဟာမစ်ကာဇိုင်းနှင့်ဝန်ကြီးအဖွဲ့ဝင်များအား အာဖဂန်သမ္မတနန်းတော်၌ နာရီဝက်ကြာတွေ့ဆုံကာ အာဖဂန်သို့ထောက်ပံ့မှုများ ဆက်လက်ပြုလုပ်မည်ဟု အာမခံပြီး အကြမ်းဖက်တိုက်ဖျက်ရေးလုပ်ငန်းများ၌ တိုးတက်မှုကို အိုဘားမားက ချီးကျူးပြောကြားသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ကာဘာလာမြို့၌ ကားဗုံးပေါက်ကွဲမှု ထပ်ဆင့်ဖြစ်ပွား

ဘဂ္ဂဒက် မတ် ၃၁

အီရတ်နိုင်ငံ ကာဘာလာမြို့၌ မတ် ၂၉ရက်က ကားဗုံးပေါက်ကွဲမှုထပ်ဆင့်ဖြစ်ပွားရာ လေးဦးသေဆုံးပြီး ၂၅ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပထမပေါက်ကွဲမှုမှာ ဘဂ္ဂဒက်မြို့ အနောက်တောင်ပိုင်း ကီလိုမီတာ၁၁၀ခန့်ရှိ ကာဘာလာမြို့ အယ်လ်-ဘာလာဒစ်ရှိ ဒေသရှိ စားသောက်ဆိုင်အနီး၌ ရပ်ထားသည့်ကားမှ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ထပ်မံပေါက်ကွဲ

ထိုပေါက်ကွဲမှုအပြီး ၁၅မိနစ်ခန့်တွင် ယင်းဒေသမှ မီတာ၂၀၀အကွာ၌ ထပ်မံကားဗုံးပေါက်ကွဲခြင်းဖြစ်သည်။

ဖော်ပြ

အဆိုပါ ဗုံးပေါက်ကွဲမှုများသည် လုံခြုံရေးဌာနချုပ်နှင့် ပြည်နယ်ကောင်စီရုံးတည်ရှိရာ ကာဘာလာဒေသ၌ ဖြစ်ပွားသည်ဟု ဆင်ဟွာသတင်းတွင် ထည့်သွင်းဖော်ပြသည်။

ဖြစ်ပွား

အီရတ်နိုင်ငံ၌ မတ်၇ရက်ကကျင်းပသည့် ပါလီမန်ရွေးကောက်ပွဲတွင် အာလာဝီအား အနိုင်ရသူအဖြစ် ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်ထုတ်ပြန်ပြီးနောက် သုံးရက်အကြာတွင် ယင်းသို့ ကားဗုံးပေါက်ကွဲမှုများဖြစ်ပွားခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပေါက်ကွဲမှုဖြစ်ပွား

အီရတ်နိုင်ငံ ကာဘာလာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်နိုင်ငံ ဟီရက်ပြည်နယ်အနောက်ပိုင်း၌ မြေမြှုပ်ဗုံးထိမှန်သဖြင့် ပေါက်ကွဲမီးလောင်နေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကနေဒါတပ်ဖွဲ့ဝင်များ အာဖဂန်၌ဆက်လက်ထားရှိရေး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအကြံပြု

ဝါရှင်တန် မတ် ၃၁

အမေရိကန်နိုင်ငံအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၁၁ခုနှစ်ကျော်သည်အထိ ကနေဒါတပ်ဖွဲ့ဝင်များဆက်လက်ရှိစေလိုသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က မတ်၂၉ရက်၌ ပြောကြားသည်။

အာဖဂန်နစ္စတန်ရှိ နိုင်ငံခြားတပ်ဖွဲ့များအနေဖြင့် လေ့ကျင့်ရေးလုပ်ငန်းများကို ဆက်လက်လုပ်စေလိုကြောင်းဖြင့်လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက အကြံပြုပြောကြားသည်ဟုဆိုသည်။

ပြီးစီးမည်

ကန်ဒါဟာရှိ စစ်မစ်ရှင်အဖွဲ့အနေဖြင့် ၂၀၁၁ခုနှစ်တွင် တာဝန်ပြီးဆုံးမည်ဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် ကနေဒါတပ်ဖွဲ့ဝင် ၂၉၀၀ရှိနေသည်။

ကနေဒါနိုင်ငံအနေဖြင့် ယင်း၏တပ်ဖွဲ့ဝင်အချို့ကို အာဖဂန်နစ္စတန်နိုင်ငံတွင် ဆက်ထားစေလိုကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်က စီတီဗီသို့ မတ်၂၉ရက်က ပြောကြားသည်ဟုလည်း သိရသည်။ **(အင်တာနက်)**

အီရတ်၌ ဗုံးငါးလုံးဆက်တိုက်ပေါက်ကွဲ ငါးဦးသေဆုံး၊ ၂၈ ဦးဒဏ်ရာရ

ရာမာဒီ မတ် ၃၁

အီရတ်နိုင်ငံ အနောက်ပိုင်းအန်ဘာပြည်နယ် အယ်လ်ကင်မြို့တွင် မတ် ၂၈ရက်က ဗုံးငါးလုံးဆက်တိုက်ပေါက်ကွဲသဖြင့် ငါးဦးသေဆုံးပြီး ၂၈ ဦးဒဏ်ရာရရှိသွားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ သတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။

ပိတ်ဆို့ထား

အယ်ရီဆာလာမြို့ နေအိမ်များတွင် ထောင်ထားသည့် အဆိုပါဗုံးငါးလုံးစလုံး နံနက် ၇ နာရီအချိန်ခန့်တွင် ဆက်တိုက်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။ အီရတ်ရဲတပ်ဖွဲ့က ဗုံးပေါက်ကွဲရာဒေသများကို ပိတ်ဆို့ထားလိုက်ကြောင်းဖြင့်လည်း ဆက်လက်ပြောကြားသည်။

တည်ငြိမ်အေးချမ်း

အန်ဘာပြည်နယ်သည် မကြာသေးမီလများက သွေးထွက်သံယိုတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သော ပြည်နယ်ဖြစ်သည်။ သို့ရာတွင် ထိုပြည်နယ်သည် လွန်ခဲ့သည့်နှစ် အနည်းငယ်ကာလကမူ တည်ငြိမ်အေးချမ်းသည့်ဒေသဖြစ်ခဲ့သည်။

ပစ်ခတ်

ဆွန်နီလူမျိုးစုများနှင့် အမေရိကန် ဆန့်ကျင်သူအကြမ်းဖက်သမားများက အမေရိကန်တပ်ဖွဲ့နှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့များ ပူးပေါင်းလိုက်ချိန်မှစ၍ တည်ငြိမ်အေးချမ်းလာခဲ့သော ဒေသဖြစ်သည်။ သို့သော် ယခုအခါ ယင်းကဲ့သို့ ပစ်ခတ်မှုများ ပေါ်ပေါက်လာခြင်းဖြစ်သည်။ **(အင်တာနက်)**

အာဖဂန်အနောက်ပိုင်း၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

ဟီရက် မတ် ၃၁

အာဖဂန်နစ္စတန်နိုင်ငံ ဟီရက်ပြည်နယ် အနောက်ပိုင်း၌ မူးယစ်ဆေးကီလိုဂရမ် ၁၀၀၀ ကျော်ကို သိမ်းဆည်းရမိကြောင်း အာဖဂန်အမျိုးသား လုံခြုံရေးဦးစီးဌာန (အင်န်အက်စ်ဒီ)က မတ် ၃၀ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အင်န်အက်စ်ဒီသည် ဟီရက်ပြည်နယ် ဟီရက်မြို့ရှိ နေအိမ်တစ်လုံးကို မတ် ၂၉ ရက် ညပိုင်းက စီးနင်းရှာဖွေခဲ့ရာ အဆိုပါ စိတ်ကြွဆေးများကို သိမ်းဆည်းရမိခြင်းဖြစ်သည်ဟုဆိုသည်။

ယင်းမူးယစ်ဆေးများနှင့်အတူ မူးယစ်မှောင်ခိုတစ်ဦးကိုလည်း လက်ရဖမ်းဆီးမိခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တူရကီ၌ ဗုံးပေါက်ကွဲမှု တပ်ဖွဲ့ဝင်သုံးဦးသေဆုံး

အင်ကာရာ မတ် ၃၁

တူရကီနိုင်ငံ အရှေ့တောင်ပိုင်းတွင် မြေမြှုပ်ဗုံးပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အစိုးရအာဘော်တစ်ပိုင်းဖြစ်သော အနာတိုလီယာ သတင်းဌာနက မတ် ၂၉ရက်တွင် သတင်းထုတ်ပြန်သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဟိုက်ကာရီပြည်နယ် ကိုကာကာမြို့ရှိ အန်တီပီဒေသတွင် စစ်သွေးကြွများအား ကွင်းဆင်းရှာဖွေစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရလုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးအား ရဟတ်ယာဉ်ဖြင့် ဟိုက်ကာရီစစ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

(အင်တာနက်)

အာဖဂန်အနောက်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲ အရပ်သားငါးဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

ဟီရက် မတ် ၃၁

အာဖဂန်နစ္စတန်နိုင်ငံ ဟီရက်ပြည်နယ် အနောက်ပိုင်း၌ မတ် ၃၀ရက်က အရပ်ဘက်ကားတစ်စီးမြေမြှုပ်ဗုံးနင်းမိသဖြင့် အရပ်သားငါးဦးသေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာရရှိသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲ

ဟီရက်ပြည်နယ် အဒါစကန်ခရိုင်၌ တာလီဘန်တို့ထောင်ထားသည့် အဆိုပါမြေမြှုပ်ဗုံးကို အရပ်ဘက်မီနီဘတ်စ်တစ်စီးက နင်းမိခြင်းဖြစ်ကြောင်းနှင့် ယင်းဖြစ်စဉ်သည် ယခုသီတင်းပတ်အတွင်းဖြစ်ပွားသည့် ဒုတိယမြောက် လမ်းဘေးဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အစ္စရေးနိုင်ငံနှင့် ပြည်သူများကို တိုက်ခိုက်မှုမှန်သမျှ လက်တုံ့ပြန်သွားမည်ဟု ဝန်ကြီးချုပ် နေတန်ယာဟု ပြောကြား

ဂျေရုဆလင် မတ် ၃၁

အစ္စရေးနိုင်ငံအနေဖြင့် မိမိနိုင်ငံနှင့် ပြည်သူတို့အား တိုက်ခိုက်မှုမှန်သမျှ မည်သည့်တိုက်ခိုက်မှုမျိုးကိုမဆို ထိထိရောက်ရောက် လက်တုံ့ပြန်သွားမည်ဟု သန္နိဋ္ဌာန်ချထားကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက မတ် ၃၀ရက်၌ ပြောကြားသည်။



အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု။

ပြောကြား

ဂါဇာကမ်းမြောင်နှင့်ဆက်စပ်နေသည့် မတည်မငြိမ်ဖြစ်နေသော နယ်စပ်ဒေသကို ဒုံးကျည်များနှင့်ပစ်ခတ်တိုက်ခိုက်လာသဖြင့် သေကျေပျက်စီးမှုများဖြစ်ပေါ်နေချိန်တွင် အစ္စရေးဝန်ကြီးချုပ်က ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရသည့် မတ်၂၆ရက် ပစ်ခတ်မှုကို ပြန်လည်သုံးသပ်ရင်း နေတန်ယာဟုက ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းလည်း ဖြစ်သည်။ အစ္စရေးနိုင်ငံ၏ လက်တုံ့ပြန်ရေး မူဝါဒသည် ထက်မြက်ပြီး အားမာန်ကြီးမားကြောင်းဖြင့်လည်း အစ္စရေးဝန်ကြီးချုပ်က ထည့်သွင်းပြောကြားသွားသည်။

ကျင့်သုံး

မိမိတို့ပြည်သူများနှင့် တပ်ဖွဲ့ဝင်များကို တိုက်ခိုက်လာသည့် မည်သည့်တိုက်ခိုက်မှုမျိုးကိုမဆို ထိထိရောက်ရောက် လက်တုံ့ပြန် တိုက်ခိုက်သွားမည်ဖြစ်ကြောင်း၊ ယင်းမူဝါဒကို အများသိရှိကြပြီး ဖြစ်ကြောင်း၊ ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျပန်နှင့် ပါပူဝါနယူးဂီနီ နှစ်နိုင်ငံ ထိပ်သီးတွေ့ဆုံ

ဂျပန်ဝန်ကြီးချုပ် ယူကီအိုဟာတိုယာမ

တိုကျို မတ် ၃၁

ဂျပန်ဝန်ကြီးချုပ် ယူကီအိုဟာတိုယာမက ဧည့်သည်တော် ပါပူဝါနယူးဂီနီဝန်ကြီးချုပ် ဆိုမာရီအား ဝန်ကြီးချုပ်ရုံး၌ ယမန်နေ့က လက်ခံတွေ့ဆုံကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

မျှော်လင့်

ယင်းသို့ တွေ့ဆုံစဉ် ဂျပန်ဝန်ကြီးချုပ် ဟာတိုယာမက ဂျပန်နိုင်ငံအနေဖြင့် ဒေသအတွင်း အထင်ကရနိုင်ငံတစ်နိုင်ငံဖြစ်သည့် ပါပူဝါနယူးဂီနီနိုင်ငံနှင့်ဆက်ဆံမှု ပိုမိုခိုင်မြဲရေးကို စိတ်အားထက်သန်လျက်ရှိကြောင်း၊ နောင်တွင် နှစ်နိုင်ငံဆက်ဆံရေး ယခုထက် ပိုမိုရင်းနှီးခိုင်မြဲမည်ဟုလည်း မျှော်လင့်ကြောင်း ပြောကြားသည်။

ထည့်သွင်းပြောကြား

ပါပူဝါနယူးဂီနီဝန်ကြီးချုပ် ဆိုမာရီက တုံ့ပြန်ပြောကြားရာ၌ ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာရေးအတွက် နောက်ထပ်ခြေလှမ်းရန် ယခုကဲ့သို့ ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်ခွင့်ရရှိခြင်းအပေါ် များစွာနှစ်ထောင်းအားရပါကြောင်း ထည့်သွင်းပြောကြားသည်။ **(အင်တာနက်)**

ရှားပါးအဖြူရောင် သားပိုက်ကောင် ဆိုက်ပရပ်စ်၌ မွေးဖွား

နီကိုဆာ မတ် ၃၁

မြေထဲပင်လယ်ဒေသရှိ ဆိုက်ပရပ်စ်နိုင်ငံအနောက်ပိုင်း ကမ္ဘာလှည့်ခရီးသည်များ အပန်းဖြေရာ ပတ်ဂျာမြို့ တိရစ္ဆာန်ဥယျာဉ်၌ သြစတြေးလျမျိုးဖြစ်သည့် ရှားပါးအဖြူရောင် သားပိုက်ကောင်လေးကို မွေးဖွားခဲ့သည်ဟု ဆင်ဟွာသတင်းတွင် မတ် ၃၀ရက်က ဖော်ပြသည်။

၄င်းသည် အဆိုပါဥယျာဉ်အတွင်း မိခင်တစ်ကောင်တည်းမှ ဒုတိယမြောက်မွေးဖွားသည့် အဖြူရောင်သားပိုက်ကောင်ဖြစ်သည့်အပြင် ကမ္ဘာပေါ်တွင် လှောင်အိမ်အတွင်း၌ ငါးကြိမ်မြောက် မွေးဖွားခဲ့သည့် ရှားပါးအဖြူရောင် သားပိုက်ကောင်လည်းဖြစ်သည်။

တွေ့ရှိ

အခြားအဖြူရောင်သားပိုက်ကောင်နှစ်ကောင်ကို ဗြိတိန်ရှိ တိရစ္ဆာန်ရုံ၌လည်းကောင်း၊ ကျန်တစ်ကောင်ကို သြစတြေးလျ၌လည်းကောင်း တွေ့ရှိရသည်ဟု ဥယျာဉ်မန်နေဂျာက ပြောကြားသည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

ရေလွှမ်း

အမေရိကန်နိုင်ငံမက်ဆာချူးဆက် ပြည် နယ် လိတ်ခ်် ဗီး ဒေသ၌ ရေလွှမ်းနေသည်ကို မတ် ၃၁ ရက်က တွေ့ရစဉ်။

(အင်တာနက် ဓာတ်ပုံ)

တရုတ် တစ်ပြည်ထောင်မူဝါဒ အမေရိကန် လက်ခံကြောင်း အတည်ပြုဟုဆို

ဝါရှင်တန် မတ် ၃၁

တရုတ်တစ်ပြည်ထောင်မူဝါဒကို လက်ခံကြောင်း ကတိပြုချက်ကို အမေရိကန်နိုင်ငံက မတ် ၂၉ရက်၌ ထပ်လောင်းအတည်ပြုပြောကြားသည်။

အတည်ပြု

ယင်းကတိပြုချက်သည်တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အမေရိကန် ဆက်ဆံရေးအခြေခံဖြစ်မည်ဟုဆိုကာ ယင်းကဲ့သို့ ထပ်လောင်းအတည်ပြုပြောကြားလိုက်ခြင်း ဖြစ်သည်။

ပြောကြား

တရုတ်တစ်ပြည်ထောင် မူဝါဒဆိုင်ရာ အမေရိကန်နိုင်ငံ၏ သဘောထားရပ်တည်ချက် မပြောင်းလဲကြောင်း အမေရိကန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဂျိမ်းစတိန်းဘတ်က ဝါရှင်တန်ဒီစီမြို့နိုင်ငံခြားသတင်းထုတ်ပြန်ရေးဗဟိုဌာနတွင် မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားသွားသည်။

အိုဘားမားအစိုးရအဖွဲ့အနေဖြင့် တရုတ်တစ်ပြည်ထောင်မူဝါဒကို ဆက်လက်ဆွဲကိုင်သွား၊ မသွား၊ တရုတ်-အမေရိကန် ကြေညာချက်သုံးရပ်ပါ အခြေခံမူများကို ဆက်လက်ကျင့်သုံး၊ မသုံး မေးမြန်းချက်များကို အမေရိကန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြန်လည်ဖြေကြားရာတွင် ယင်းကဲ့သို့ ပြောကြားသွားခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

စက်မှုဖွံ့ဖြိုးပြီး ရှစ်နိုင်ငံ အီရန်နှင့်ဆွေးနွေးရန် လမ်းဖွင့်ထား

အော့တဝါ မတ် ၃၁

အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အီရန်နှင့်ဆွေးနွေးရန် မိမိတို့ လမ်းဖွင့်ထားကြောင်း စက်မှုဖွံ့ဖြိုးပြီး ရှစ်နိုင်ငံအုပ်စု(ဂျီ-၈) နိုင်ငံခြားရေးဝန်ကြီးများက ပြောကြားသည်။

ကနေဒါနိုင်ငံ ကွိဘက်မြို့ဆင်ခြေဖုံး ဂါတီနိုယူဒေသတွင် ကျင်းပနေသည့် တစ်ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ဖော်ပြ

မည်သို့ပင်ဖြစ်စေကာမူ အီရန်အနေဖြင့် ကုလသမဂ္ဂဆုံးဖြတ်ချက်များအား လိုက်နာခြင်း မရှိမှုအပေါ် ဂျီ-၈က စိုးရိမ်မကင်းဖြစ်မိသည်ဟု ၄င်းတို့ထုတ်ပြန်သည့် ကြေညာချက်မူကြမ်းတွင် ဖော်ပြထားသည်။

တိုက်တွန်း

အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ပြသရန်အတွက် နိုင်ငံတကာမိသားစုများအနေဖြင့် ခိုင်မာပြင်းထန်သည့် အစီအစဉ်များချမှတ်ရန်လည်း ယင်းကြေညာချက်မူကြမ်းတွင် တိုက်တွန်းထားသည်။ **(အင်တာနက်)**



နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အိန္ဒိယနိုင်ငံ အန်ဒါမန်ကျွန်း၌ ငလျင်လှုပ်

အိန္ဒိယနိုင်ငံ အန်ဒါမန်ကျွန်း၌ မတ်၃၁ရက်နံနက်က ရစ်ချ်တာစကေး ၆ဒသမ ၄အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုသတင်းမရရှိသေးကြောင်း အိန္ဒိယ မိုးလေဝသဌာနမှ အရာရှိများကပြောကြားသည်။

တရုတ်အနောက်မြောက်ပိုင်း၌ သဲမုန်တိုင်း တိုက်ခတ်

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် မတ် ၃၁ရက်နံနက်က သဲမုန်တိုင်းတိုက်ခတ်ရာ မော်တော်ယာဉ်သွားလာမှု ပြတ်တောက်ပြီး လေကြောင်းခရီးစဉ်များ ရွှေ့ဆိုင်းခဲ့ရကြောင်း တရုတ်အရာရှိများက မတ် ၃၁ရက်၌ ပြောကြားသည်။

ကျူးဘား၌ နိုင်ငံတကာဆောက်လုပ်ရေးလုပ်ငန်းပွဲတော်ကျင်းပ

ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ နိုင်ငံတကာဆောက်လုပ်ရေးလုပ်ငန်းပွဲတော်တစ်ရပ်ကို မတ် ၃၁ရက်က စတင်ဖွင့်လှစ်ကျင်းပခဲ့ကြောင်း၊ ယင်းပွဲတော်သို့ နိုင်ငံပေါင်း ၂၃နိုင်ငံမှ ဆောက်လုပ်ရေးကုမ္ပဏီပေါင်း ၁၁၀ ပါဝင်ခင်းကျင်းပြသခဲ့ကြောင်း ကျူးဘားအရာရှိများက ပြောကြားသည်။

ရုရှားရေတပ် စစ်ရေးလေ့ကျင့်မှု ပြုလုပ်

ရုရှားရေတပ်၏ အကြီးမားဆုံးစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ရုရှားနိုင်ငံမြောက်ပိုင်း စီဗီရီမော့ခ်ဆိပ်ကမ်း ကမ်းလွန်တွင် မတ် ၃၁ရက်က ပြုလုပ်ကြောင်း၊ထောက်ပံ့ရေးစစ်သင်္ဘောများလည်း ပါဝင်အားဖြည့်လေ့ကျင့်ခဲ့ကြောင်း ရုရှားရေတပ်အရာရှိများက မတ် ၃၁ရက်၌ ပြောကြားသည်။

ရုရှားဝန်ကြီးချုပ် ဗင်နီဇွဲလားသို့ အလည်အပတ်ရောက်ရှိ

ရုရှားဝန်ကြီးချုပ်ပူတင်သည် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်စေရန်အတွက် ဗင်နီဇွဲလားနိုင်ငံသို့ မတ် ၃၁ရက်က ရောက်ရှိခဲ့ကြောင်း၊ အလည်အပတ်ခရီးစဉ်အတွင်း ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

ဝါရှင်တန်မြို့၌သေနတ်ပစ်ခတ်ခံရသဖြင့်လေးဦးသေဆုံး

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ မတ် ၃၁ရက် နံနက်က သေနတ်သမားနှစ်ဦး၏ ပစ်ခတ်မှုကြောင့် လေးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ သေနတ်သမားဟု သံသယရှိသူ သုံးဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း ဝါရှင်တန်မြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်း မြင့်တက်

ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းအနည်းငယ်ပြန်မြင့်တက်လျက်ရှိရာ အမေရိကန်နိုင်ငံ နယူးယောက်မြို့ဈေးကွက်၌ မတ်၃၁ရက်ဈေးပိတ်ချိန်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၁ဒသမ၂၈ဒေါ်လာရှိခဲ့ကြောင်း အမေရိကန်ရေနံလုပ်ငန်းရှင်များက ပြောကြားသည်။

အမေရိကန် ဗာဂျီးနီးယားပြည်နယ်၌ လေယာဉ်ငယ်ပျက်ကျ

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ် ရီရာနိုကီလေဆိပ်မှ မတ် ၃၁ရက် နံနက်က ပျံတက်သွားသော လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ကြောင်း၊ မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်ပေါ်လိုက်ပါသူနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရီရာနိုကီလေဆိပ်မှ အရာရှိများက ပြောကြားသည်။ *(အောက်ပုံ)*

တရုတ်အနောက်မြောက်ပိုင်း၌ မိုင်းတွင်းပြိုကျ

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း စင်းကျန်းအူဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကျောက်မီးသွေးမိုင်းတွင်းတစ်တွင်း မတ် ၃၁ရက်က ပြိုကျမှုဖြစ်ပွားရာ မိုင်းလုပ်သား ၁၀ဦး ပိတ်မိလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

(အင်တာနက်)

မြန်မာ၏ အတိတ်သမိုင်းမှာ ဆန်းကြယ်၍ ဂုဏ်ယူဖွယ်ရာများဖြင့် ပြည့်နှက်နေ မြန်မာတို့၏ ပစ္စုပ္ပန်နှင့် အနာဂတ်ကို ကိုင်တွယ်ဖြေရှင်းပုံမှာ ထူးခြား

မြန်မာတို့သည် မိမိတို့၏ ကိုယ်ပိုင်လမ်းစဉ်အတိုင်းသာ ဆက်လက်ဆောင်ရွက်သွားကြမည်

နေပြည်တော် မတ် ၃၁

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက လက်ရှိထုတ်လွှင့်လျက်ရှိသော MRTV-3 အစီအစဉ်များအား အသွင်သဏ္ဌာန်သာမက အနှစ်သာရပါ ပြောင်းလဲကာ Myanmar International ရုပ်သံလိုင်းအဖြစ် စတင်ထုတ်လွှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၈နာရီ ၄၅မိနစ်တွင် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံဥပစာ၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ Myanmar International ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း Myanmar International ရုပ်သံလိုင်းအဖြစ် စတင်ထုတ်လွှင့်ခြင်း အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် Myanmar International Logo ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ညွှန့်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးရုံး-ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့် အနုပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ရွှေသံလွင် မီဒီယာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ ဒေသဆိုင်ရာ F.M Radio များဖြစ်သော ပတ္တမြား F.M၊ ချယ်ရီ F.M နှင့် F.M ပုဂံတို့မှတာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ၊ Myanmar International School မှ ကျောင်းသား ကျောင်းသူများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန မင်္ဂလာစည်တော်အဖွဲ့နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ကျောင်းသား ကျောင်းသူများ၊ ကျောက်ဆည် ဆင်အကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအား ကျောက်ဆည် ဆင်အကအဖွဲ့က ဆင်အကတော်ဖြင့် လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန မင်္ဂလာစည်တော်အဖွဲ့မှ အနုပညာရှင်များက စည်တော်အကဖြင့် လည်းကောင်း ကြိုဆိုကြသည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် Myanmar International School မှ ကျောင်းသား ကျောင်းသူများက တိုင်းမှူးနှင့်ဝန်ကြီးများအား ပန်းစည်းများပေးအပ်၍ဂါရဝပြုကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် Myanmar International ရုပ်သံလိုင်း စတင်ထုတ်လွှင့်ခြင်းအခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအဆောက်အအုံ ဥပစာ၌ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က မင်္ဂလာအချိန်တွင် Myanmar International ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဝန်ကြီးများက Myanmar International ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဖျော်ဖြေတင်ဆက်

ထို့နောက် အခမ်းအနား ဒုတိယပိုင်း အစီအစဉ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံအတွင်းရှိ Auditorium၌ ဆက်လက်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းက မြန်မာမှုတီးလုံးများဖြင့် လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ဦးရွှေရိုး-ဒေါ်မိုး (သုံးစုံတွဲ)အကဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ Presenter များဖြစ်ကြသည့် Sophi နှင့် Peter တို့က မြန်မာနိုင်ငံအကြောင်း အတွေ့အကြုံများကို တင်ဆက်ကြပြီး Presenter Sophi က ဗေဒါလမ်း ကဗျာကို ရွတ်ဆိုကာ Presenter နှစ်ဦးတို့က **မြန်မာနိုင်ငံ၏ ထူးခြားသော အကြောင်းခြင်းရာများ** (Surprising Myanmar)ကို ဗီဒီယိုဖြင့် တင်ဆက်ပြသသည်။

ကပြသီဆို

ယင်းနောက် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက **လှပဝေဆာ ပြည်မြန်မာ** ယိမ်းအကဖြင့် လည်းကောင်း၊ တေးသံရှင်နေနေက (You are Myanmar) သီချင်းကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ကျောင်းသား ကျောင်းသူများက **ညီညာစေ (၂၀၁၀)** ပြည်ထောင်စုနေ့အကဖြင့် လည်းကောင်း၊ Myanmar International School မှ ကျောင်းသား ကျောင်းသူများက Friends Forever သီချင်းဖြင့် လည်းကောင်း၊ စတီရီယိုတေးသံရှင် ကိုစိုင်း (Black Hole) က **သနပ်ခါး** သီချင်းဖြင့်လည်းကောင်း ကပြသီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက Myanmar International ရုပ်သံလိုင်းအဖြစ် စတင်ထုတ်လွှင့်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံသည် မိမိတို့ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို ကျင့်သုံးထိန်းသိမ်းရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ ပြင်ပကမ္ဘာအနေဖြင့် မြန်မာနိုင်ငံအကြောင်းကို မသိရှိသေးသည့်အချက်များစွာ ရှိနေကြောင်း၊ တည်ငြိမ်အေးချမ်းလျက်ရှိသော မြန်မာနိုင်ငံတွင် လူဦးရေသန်းခြောက်ဆယ်နီးပါးနှင့် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်တို့သည် ပြည်နယ်နှင့်တိုင်း ၁၄ခု အတွင်း မှီတင်းနေထိုင်လျက်ရှိကြကြောင်း။

စိတ်ဝင်စားဖွယ်

မြန်မာနိုင်ငံ၏ နှစ်ပေါင်း ၂၅၀၀ ကျော် ရှည်လျားသည့် သမိုင်းကြောင်းသည် အထူးပင် စိတ်ဝင်စားဖွယ်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် နှင်းတောင်များ၊ အမြဲစိမ်း အပူပိုင်းသစ်တောများ၊ သဘာဝအတိုင်း မပျက်မယွင်းရှိနေသေးသည့် ပင်လယ်ကမ်းခြေများ၊ ထူးခြားဆန်းပြားသော သဏ္ဌာကျောက်တန်းများနှင့် မြစ်ကြီးများ တည်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ခေတ်မီတိုးတက်မှုလမ်းကြောင်းတစ်လျှောက်တွင် စိတ်ဝင်စားဖွယ်ရာ၊ စိတ်လှုပ်ရှားဖွယ်ရာများနှင့် ပြည့်နှက်နေကြောင်း။

မိမိတို့ မည်သို့မည်ပုံနေထိုင်ကြသည်၊ သဘာဝက မည်ကဲ့သို့သော သယံဇာတများဖြင့် မြန်မာနိုင်ငံကို မျက်နှာသာပေးထားသည်ဆိုသည့် အချက်များကို မြန်မာအင်တာနေရှင်နယ်အနေဖြင့် အထူးအသိပေးလိုကြောင်း၊ ဧည့်သည်တစ်ဦးအနေဖြင့် မြန်မာနိုင်ငံကို နှစ်လိုဖွယ်ရာဒေသ အဖြစ်သာမက အံ့သြဖွယ်ရာအဖြစ်ပါ မြင်လာနိုင်မည်ဖြစ်ကြောင်း။

အထူးတိုးတက်

မြန်မာနိုင်ငံကို မျက်မြင်ကိုယ်တွေ့လာရောက် လည်ပတ်သည်ထက် ပိုမိုကောင်းမွန်သော အခြားအစီအစဉ် မရှိနိုင်ကြောင်း၊ ခရီးသွားလုပ်ငန်းမှာလည်း အထူးတိုးတက် ထွန်းကားလျက်ရှိကြောင်း၊ သို့ရာတွင် မြန်မာအင်တာနေရှင်နယ်သည် မြန်မာနိုင်ငံ၏ သမိုင်းအမွေအနှစ်၊ မြန်မာလူမျိုးတို့၏ နွေးထွေးမှုနှင့် ပင်ကိုရင်းနှီးဖော်ရွေမှုတို့ကို လေ့လာခံစားနိုင်ရန် ဒုတိယအကောင်းဆုံး အစီအစဉ်ပင်ဖြစ်ကြောင်း၊ ကမ္ဘာ့အနေဖြင့် မြန်မာတို့၏ ပိုမိုကျွမ်းကျင်လာသော အသိပညာ အတတ်ပညာတို့ကို သိရှိနိုင်မည်ဖြစ်ကြောင်း။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များ Myanmar International ရုပ်သံလိုင်းအဖြစ် စတင်ထုတ်လွှင့်ခြင်း အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

မြန်မာ၏ အတိတ်သမိုင်းမှာ ဆန်းကြယ်၍ ဂုဏ်ယူဖွယ်ရာများဖြင့် ပြည့်နှက်နေကြောင်း၊ မြန်မာတို့၏ ပစ္စုပ္ပန်နှင့် အနာဂတ်ကို ကိုင်တွယ်ဖြေရှင်းပုံမှာ ထူးခြားပြီး မြန်မာတို့သည် မိမိတို့၏ ကိုယ်ပိုင်လမ်းစဉ်အတိုင်းသာ ဆက်လက်ဆောင်ရွက် သွားကြမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့၏ တိုးတက်မှုသည် တိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသည့် မိမိတို့ နိုင်ငံကို အကောင်းဆုံးအကျိုးပြုမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်း အားလုံး၊ တိုင်းရင်းသားအားလုံးတို့အနေဖြင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုများကို မထိခိုက်စေဘဲ ပြုပြင်ပြောင်းလဲမှုတို့၏ အကျိုးကျေးဇူးကို ခံစားနိုင်ကြမည်ဖြစ်ကြောင်း။

ပိုမိုချိတ်ဆက်

မြန်မာအင်တာနေရှင်နယ်၏ အင်္ဂလိပ်ဘာသာ အစီအစဉ်များသည် မြန်မာကို

စာမျက်နှာ ၇ ကော်လံ ၁ သို့

Myanmar International ရုပ်သံလိုင်းအဖြစ် စတင်ထုတ်လွှင့်ခြင်း အခမ်းအနားကို နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံ ဥပစာ၌ ကျင်းပစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ပြင်ပကမ္ဘာနှင့် ပိုမိုချိတ်ဆက်စေမည်ဖြစ်ပြီး ပြင်ပကမ္ဘာအနေဖြင့်လည်း မြန်မာကို အမှန်တကယ် နားလည်လာနိုင်မည် ဖြစ်ကြောင်း။

ဂုဏ်ယူလိုစိတ်

ပင်လယ်ရပ်ခြားရှိ မြန်မာမိသားစုများသည်လည်း မြန်မာအင်တာနေရှင်နယ်ကို ကြည့်ရှုကြမည်မှာ မလွဲပင်ဖြစ်ရာ မြန်မာအင်တာနေရှင်နယ်၏ ကျေးဇူးကြောင့် မိခင်နိုင်ငံနှင့် ကင်းကွာမှုမရှိဘဲ နိုင်ငံအပေါ် ချစ်စိတ်နှင့် ဂုဏ်ယူလိုစိတ်တို့ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း။

မြန်မာအင်တာနေရှင်နယ်သည် ကြည့်ရှုသူတို့အား နှစ်သက်ပျော်ရွှင်စေမည့်အပြင် ရိုးသားပွင့်လင်းပြီး ဖော်ရွေသည့် မြန်မာလူမျိုးတို့ အကြောင်းကိုလည်း သိရှိလာစေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က Myanmar International Logo ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

သီဆိုကပြ

ထို့နောက် အနုပညာရှင်များနှင့် ကျောင်းသားကျောင်းသူများက **'မန်းတောင်ရိပ်ခို'** သီချင်းဖြင့် စုပေါင်း သီဆိုကပြ တင်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်အား ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ကို ပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က ဖျော်ဖြေတင်ဆက်ကြသူများအား လက်ဆောင်ပန်းခြင်းများပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းပြသ

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဧည့်သည်တော်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အဆောက်အအုံအတွင်းရှိ Vitual Studio, Cherry F.M, ပတ္တမြား F.M, Audio Work Station Room, T.V. News Network, News Control Room (သတင်းထုတ်လွှင့်ခန်း)နှင့် Presentation Room တို့ကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

စမ်းသပ်ထုတ်လွှင့်

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရွှေသံလွင် မီဒီယာကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ MRTV-3 အစီအစဉ်များကို အသွင်သဏ္ဍာန်သာမက အနှစ်သာရပါ ပြောင်းလဲကာ Myanmar International ရုပ်သံလိုင်းအဖြစ် ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့)မှ စတင် စမ်းသပ်ထုတ်လွှင့်ခဲ့သည်။

ထည့်သွင်းထုတ်လွှင့်

Myanmar International ရုပ်သံလိုင်းအဖြစ် ပုံမှန်ထုတ်လွှင့်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းများကို ပြင်ဆင်ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ မတ် ၃၁ရက် (ယနေ့)မှစတင်၍ ပုံမှန်ထုတ်လွှင့်သွားမည်ဖြစ်ပြီး Myanmar International ရုပ်သံလိုင်းတွင် နိုင်ငံတကာသတင်းနှင့် ပြည်တွင်းသတင်းများအပြင် အသွင်သဏ္ဍာန်နှင့် အနှစ်သာရပြောင်းလဲတင်ဆက်ထားသည့် Documentary, Current Affairs အစီအစဉ်များ၊ ဖျော်ဖြေရေး အစီအစဉ်များ၊ အင်္ဂလိပ်စာတန်းထိုး မြန်မာရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားကောင်းများကို ထည့်သွင်း ထုတ်လွှင့်ပြသသွားမည် ဖြစ်သည်။

ဖမ်းယူကြည့်ရှုနိုင်

Myanmar International ရုပ်သံအစီအစဉ်များကို ဖမ်းယူကြည့်ရှုနိုင်သည့် ဒေသများမှာ မြောက်အမေရိကဒေသ၊ ဥရောပဒေသ၊ သြစတြေးလျနှင့် နယူးဇီလန်ဒေသ၊ တရုတ်နှင့် အိန္ဒိယဒေသ၊ အင်ဒိုချိုင်းနားဒေသတို့ဖြစ်ပြီး နိုင်ငံတကာ ပရိသတ်များအနေဖြင့် ၂၄နာရီပတ်လုံး ကြည့်ရှုနိုင်ရေးအတွက် ကမ္ဘာ့တစ်ဝန်း လွှမ်းခြုံထုတ်လွှင့်နိုင်ရန် စီစဉ်ထားသည့်အပြင် ပြည်တွင်း၌လည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နံနက်ပိုင်း အစီအစဉ်များ အပြီးတွင် နေ့စဉ် နံနက် ၉နာရီမှ ၁၁နာရီအထိ ဆက်လက်ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသည် ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို ထိန်းသိမ်းရင်း ခေတ်မီဖွံ့ဖြိုးလျက်ရှိ

ပြင်ပကမ္ဘာအနေဖြင့် မြန်မာနိုင်ငံအကြောင်း မသိသေးသည့် အချက်များစွာရှိနေ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဖျော်ဖြေတင်ဆက်ကြသူများအား လက်ဆောင်ပန်းခြင်း ပေးအပ်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ထို့ပြင် ဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရေဝတီတံတားသစ် ရှစ်စင်း တည်ဆောက်ပြီးစီးခဲ့မှုနှင့် တံတားအလိုက် တည်ဆောက်ချိန်ကာလတို့ကိုလည်းကောင်း၊ ယခု ရေဝတီမြစ်ကူးတံတားငါးစင်း တစ်ပြိုင်တည်း တည်ဆောက်နေမှုနှင့် ပြီးစီးနိုင်မည့် အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဗိုလ်ချုပ်မှူးကြီးက တံတားတည်ဆောက်မှုနှင့် စပ်လျဉ်း၍ မိမိတို့၌ လုပ်ငန်းအတွေ့အကြုံရှိပြီးဖြစ်ရာ အမှားအယွင်းမရှိရအောင်၊ အစစစိတ်ချရအောင် သတိထားလုပ်ကိုင်ကြရန်နှင့် သတ်မှတ်ချိန်ကာလအတွင်း မြန်မြန်ပြီးစီးအောင် အားထုတ်လုပ်ကိုင်ကြရန် မှာကြားသည်။

ရေဝတီတံတား(မလွန်)

ထို့နောက် နိုင်ငံတော်အကြီးအကဲသည် စီမံကိန်းရှင်းလင်းဆောင် ရှုရပ်မှနေ၍ ရေဝတီတံတား(မလွန်)တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ရေဝတီတံတား(မလွန်) တည်ဆောက်ရေးစီမံကိန်းမှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

ရေဝတီတံတား(မလွန်) တည်ဆောက်ရေးစီမံကိန်းသည် မိကျောင်းရဲမြို့၏ အထက်ဘက် တစ်မိုင်ခန့်အကွာ၌ရှိသည်။ တံတားစီမံကိန်း၏ အရှေ့ဘက်ကမ်းမှာ မကွေးမြို့နယ် ရွာသစ်ရွာနှင့် စစ်ကိုးပင်ရွာအကြားဖြတ်ပြီး အနောက်ဘက်ကမ်းမှာ မင်းလှမြို့နယ် သဖန်းချောင်းရွာနှင့် ကိုင်းရွာအကြား ဖြစ်သည်။

ဖြတ်သန်းသွားလာနိုင်

ပင်မတံတားအရှည်မှာ ၃၂၁၅ ပေကျော် ရှိမည်ဖြစ်သည်။ တံတား၌ အကျယ် ၂၈ပေရှိကားလမ်း၊ အကျယ် ၁၄ပေရှိ ရထားလမ်းနှင့် တစ်ဖက်လျှင် သုံးပေစီရှိသည့် လူသွားလမ်းတို့ပါရှိမည့် ကားရောရထားပါ ဖြတ်သန်းသွားလာနိုင်မည့် တံတားကြီး ဖြစ်သည်။

တံတားအမျိုးအစားမှာ တံတားအောက်ထည်သည် သံကူကွန်ကရစ်နှင့် တံတားအပေါ်ထည်သည် သံမဏိသံပေါင် အမျိုးအစားဖြစ်သည်။ **(သတင်းစဉ်)**

အထက်ပိုင်းဒေသများ၌ နေ့အပူချိန်လျော့လာ

နေပြည်တော် မတ် ၃၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄ နာရီ အတွင်းက ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းတွင် နေရာစိပ်စိပ်၊ မကွေးတိုင်းတွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် မတ်လ၏ပျမ်းမျှအပူချိန်တို့အောက် ၇ဒီဂရီစင်တီဂရိတ်မှ ၉ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော် တပ်ကုန်းတွင် ၀ဒသမ ၃၉လက်မ၊ ကျောက်တော်မြို့တွင် ၃ဒသမ ၂၇လက်မ၊ ပလက်ဝမြို့တွင် ၁ ဒသမ ၉၇လက်မ၊ ဟားခါးမြို့တွင် ၁ဒသမ ၇၃လက်မ၊ မြောက်ဦးမြို့တွင် ၁ဒသမ ၅၀လက်မနှင့် ဂန့်ဂေါမြို့တွင် ၁ဒသမ ၁၈ လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင်အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဧပြီ ၁ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မှနေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေ့အပူချိန်များအနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၄-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
  - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အဂ္ဂိဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချို အေးမင်္ဂလာတေး
- ၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၁၀ ၇။ တေးဂီတအစီအစဉ်
- ၈:၂၀ ၈။ ခါသင့်ကြန်အဆိုအကများ
- ၈:၃၅ ၉။ International News
- ၈:၄၀ ၁၀။ အကပဒေသာ
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄:၂၀ ၃။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄:၃၀ ၄။ ခါသင့်ကြန်အဆိုအကများ
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရသစာပေ အရေးအသား အထူးပြု) (ရသစာပေ အရေးအသား)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ အတီးပြိုင်ပွဲ
- ၅:၂၀ ၈။ **ကျွမ်းတိုင်းမကြမ်းနဲ့**
- ၅:၂၅ ၉။ မှုဟန်သွယ်သွယ်ဆိုကြမယ်
- ၅:၄၀ ၁၀။ ခါသင့်ကြန်အဆိုအကများ
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၁) သူရလင်း၊ မေတ္တာ၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်၊ စုပုံချစ် (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆:၄၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၂၃)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ** (အပိုင်း-၄)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၃၂)

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မတ် ၃၁

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ကြီးမှူး၍ Challenges & Opportunity ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ဧပြီ ၃ရက် (စနေနေ့) ညနေ ၃နာရီတွင် အခန်း ၂၀၅ မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးပို့နိုင်

ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူများအဖြစ် ဦးခင်မောင်ညို (ဘောဂဗေဒ)၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌတို့ ပါဝင်ကြမည်ဖြစ်ရာ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ အသင်းဝင်ကုမ္ပဏီများမှ တာဝန်ရှိသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ပြင်ပမှ တက်ရောက်လိုသူများသည် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း အခန်းအမှတ် ၂၀၄ မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ဖုန်း-၆၅၂၂၃၈ သို့ ဧပြီ ၁ရက် နောက်ဆုံးထား၍ စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

မီးကိုသတိ
မြဲထားရှိ
စောင့်ကြည့်နေပါ
သင့်ဝန်တာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကွန်ပျူတာတက္ကသိုလ် (မြိတ်) ပင်မသုံးထပ်စာသင်ဆောင်သစ် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားတွင် အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

ပြည်သူများ စိတ်အေးချမ်းသာပြီး လုံခြုံစိတ်ချစွာ နေထိုင်သွားလာနိုင်ရေး တရားဥပဒေစိုးမိုးရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်

■ *ကျောဖုံးမှ*

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တနင်္သာရီ ရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီး မြင့်နွယ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တနင်္သာရီခန်းမ၌ မြို့နယ်မှ အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ သိလိုသည်များကို မေးမြန်းပြီး မိမိဦးဆောင်သောအဖွဲ့သည် ကျွန်းစု မြို့နယ်၏ လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်များကို ဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

ယာဉ်များအသုံးပြု

ကျွန်းစုမြို့နယ်ကို မြို့နယ်အဆင့်နှင့် ညီညွတ်မှုရှိစေရန် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးထားခဲ့ကြောင်း၊ ကျွန်းစုမြို့သည် ရေလမ်းခရီးကိုသာ အားထားသွားလာရသည့် မြို့ဖြစ်သော်လည်း မြို့တွင်းလမ်းများနှင့် မြို့ပတ်လမ်းများကို ယာဉ်များ အသုံးပြု၍ သွားလာနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း။

ခန့်အပ်ပေး

လူတိုင်း စာပေတတ်မြောက်ပြီး အသိပညာ မြင့်မားစေရန် စာသင်ကျောင်းများကို အသစ်ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်သာမက စဉ်ဆက်မပြတ် လေ့လာနိုင်ရန် ကျေးရွာစာကြည့်တိုက်များကိုပါ ဖွင့်လှစ်ပေးခဲ့ကြောင်း၊ အဆင့်မြင့်ပညာကို မိမိတို့ဒေသအတွင်းရှိ မြိတ်မြို့တွင် သင်ယူနိုင်ကြပြီဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းစေရေးအတွက် ဆေးရုံ၊ ဆေးခန်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းနှင့် လိုအပ်သော ဆရာဝန်၊ ဆရာမများကိုလည်း ခန့်အပ်ပေးခဲ့ကြောင်း။

ကွန်ပျူတာတက္ကသိုလ်(မြိတ်) ပင်မသုံးထပ်စာသင်ဆောင်သစ် ပုံစံငယ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

စည်းရုံးဆောင်ရွက်

ယင်းသို့ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီဖြစ်၍ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေး၊ ကျောင်းနေမြဲရေးနှင့် အတန်းပညာကုန်အောင် သင်ကြားရေးတို့ကို ဝိုင်းဝန်းကြိုးပမ်းစည်းရုံးဆောင်ရွက်ရန်၊ ဆရာ ဆရာမများသည် မိမိတို့တပည့်များကို အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးသည်သာမက အကျင့်စာရိတ္တကောင်းသူ၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာသူများဖြစ်အောင် အခြေခံအဆင့်မှာပင် လေ့ကျင့်သင်ကြားပေးရန်၊ ပြည်သူများကို ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အုပ်ချုပ်ရေးအဖွဲ့များက ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများသည် ကျေးရွာများအထိ ကွင်းဆင်းပြီး ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်ကုသနည်းများ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ရန်။

မိမိတို့ ပင်ပန်းကြီးစွာဖြင့် ရှာဖွေရရှိသော ငွေများကို သုံးဖြုန်းမပစ်ဘဲ စနစ်တကျစုဆောင်းပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်နှင့် အလုပ်ကို ဝီရိယထား ကြိုးစားလုပ်ကိုင်ကြရန်။

ပူးပေါင်းဆောင်ရွက်

နိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြို့မိမြို့ဖများအား အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်ပြီး မြို့နယ်ပြည်သူ့ဆေးရုံအတွက် အောက်ဆီဂျင်ပေးစက်ကို မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာနွေးအိအိချိုထံ ပေးအပ်သည်။

ဆက်လက်၍ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ကျွန်းစုမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြိတ်မြို့သို့ရောက်ရှိ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် မြိတ်မြို့သို့ ရောက်ရှိကြရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် တပ်မတော် အရာရှိကြီးများ၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ရေယာဉ်ဖြင့် မြိတ်မြို့တစ်ဖက်ကမ်းရှိ ကျွန်းစုမြို့နယ် ပထော်-ပထက်ကျွန်းသို့ရောက်ရှိပြီး ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၏ ငါး၊ ပုစွန် တန် (၁၀၀၀) အအေးခန်းစက်ရုံ၌ လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာအောင်လွင်နှင့် ဒါရိုက်တာ ဦးလှသန်းတို့က လုပ်ငန်းအခြေအနေကို ရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် သစ်အခြေခံ ကုန်ချောထုတ်လုပ်မှု လုပ်ငန်းတွင် သစ်ခွဲနေမှုနှင့် ထုတ်လုပ်ထားသည့် သစ်ခွဲသားများကို ကြည့်ရှုကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ပထက်ရေလှောင်တမံ တည်ဆောက်ထားရှိမှု၊ အောင်မြတ်ဖြိုး အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်၏ ကဏန်းအရေပျော့ ထုတ်လုပ်ရေးလုပ်ငန်းတွင် ကဏန်းအရေပျော့များ မွေးမြူထားမှုနှင့် ဈေးကွက်သို့တင်ပို့ရန် ထုတ်လုပ်နေမှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုကြရာ ကုမ္ပဏီမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေယာဉ်ဖြင့် မြိတ်မြို့ဘက်ကမ်းသို့ ပြန်လည်ထွက်ခွာခဲ့ပြီး မြိတ်မြို့ နောက်လယ်ရပ်ကွက် ကျောက်တန်းစီ မြေဖြည့်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြိတ်မြို့သစ်ရှိ အဏ္ဏဝါစိုးခေတ်မီ ကုန်တင်ကုန်ချ ဆိပ်ခံတံတားသို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက မြိတ်မြို့သစ်၌ ဆိပ်ခံတံတားများ တည်ဆောက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြိတ်မြို့သစ်၌ ဆိပ်ခံတံတားများ တည်ဆောက်ထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာခဲ့ကာ မြိတ်မြို့၌ ညအိပ်ရပ်နားသည်။

တက်ရောက်ချီးမြှင့်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ယနေ့ နံနက် ၇နာရီ ၄၅မိနစ်တွင် ကွန်ပျူတာတက္ကသိုလ် (မြိတ်)၌ ကျင်းပသည့် ပင်မသုံးထပ်စာသင်ဆောင်သစ် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

အဆိုပါ အခမ်းအနားသို့ မြိတ်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကွန်ပျူတာတက္ကသိုလ်(မြိတ်)၊ နည်းပညာတက္ကသိုလ်(မြိတ်)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်)တို့မှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ယုဇနကုမ္ပဏီ၏ ဆီအုန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အဖွဲ့၊ ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှင်းလင်းခန်းမဆောင်၌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးက ကွန်ပျူတာတက္ကသိုလ်(မြိတ်) စတင်တည်ထောင်ခဲ့မှု၊ ဆရာ ဆရာမနှင့် ကျောင်းသားဦးရေ၊ တက္ကသိုလ်မှ မွေးထုတ်ပေးခဲ့သည့် ကွန်ပျူတာပညာရှင်အရေအတွက်နှင့် တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပင်မသုံးထပ်စာသင်ဆောင်သစ်ကို တာဝန်ယူဆောက်လုပ်မည့် ယုဇနဆောက်လုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဌေးမြင့်က ပင်မသုံးထပ်စာသင်ဆောင်သစ် တည်ဆောက်မည့်မြေနေရာ၊ အကျယ်အဝန်းနှင့် အဆောက်အအုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြား စီမံဆောင်ရွက်ပေးသည်။

ရတနာအုတ်မြစ်စီမင်္ဂလာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနား ကျင်းပမည့်နေရာသို့ရောက်ရှိကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်က ရတနာကိုးပါး ငွေကြုတ်ကို ထည့်သွင်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်၊ တိုင်းမှူးနှင့် ဝန်ကြီးများက သတ်မှတ်နေရာများတွင် ရတနာအုတ်မြစ်တော်များကို စီသွင်းပေးကြသည်။ ယင်းနောက် ဝန်ကြီးချုပ်က ကမ္ပည်းမော်ကွန်း ကျောက်စာကို ဖုံးအုပ်ပေးကာ အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်၊ တိုင်းမှူးနှင့် ဝန်ကြီးများက ရတနာ အုတ်မြစ်တော်များကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ရွှေမိုးငွေမိုးရွာသွန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်တို့က ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြိတ်မြို့ တိုင်းရန်အောင်ခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးတို့နှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် မြို့မိမြို့ဖများအား အဝတ်အထည်နှင့် ဆေးဝါးများကို ပေးအပ်ပြီး မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ သွေးရည်ကြည်ခွဲထုတ်စက် တပ်ဆင်ရန်အတွက် အလှူငွေများကို ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်တင်တင်ဝေထံ ပေးအပ်ကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မြိတ်မြို့မှ ထွက်ခွာခဲ့ရာ နံနက် ၁၀နာရီ မိနစ် ၂၀တွင် ကော့သောင်း

ယုဇနကုမ္ပဏီ၏ တစ်နာရီ တန် ၆၀ ကျ

တွေ့ရစဉ်။

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၃၁

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့ တည်ထောင်လိုသော ပါတီ၏ အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ ၂၀၁၀ခုနှစ် မတ် (၃၁)ရက်တွင် ကရင်ပြည်သူ့ပါတီက လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမွည်းမော်ကွန်း ကျောက်စာကို ဖုံးအုပ်ပေးကာ အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်၊ တိုင်းမှူးနှင့် ဝန်ကြီးများက ရတနာ အုတ်မြစ်တော်များကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ရွှေမိုးငွေမိုးရွာသွန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်တို့က ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြိတ်မြို့ တိုင်းရန်အောင်ခန်းမ၌ ခရိုင် ဘုတ်ပြင်းမြို့သို့ ရောက်ရှိကြပြီး ဘုတ်ပြင်းတပ်နယ်မှ ဗိုလ်မှူးချုပ်မင်းသိန်းဇံနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တပ်နယ်ခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ဆေးဝါးများပေးအပ်

ဆက်လက်၍ မြို့မိမြို့ဖများအား အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်ပြီး မြို့နယ်ပြည်သူ့ဆေးရုံအတွက် အောက်ဆီဂျင်ပေးစက်ကို မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာကိုကိုလေးထံ ပေးအပ်သည်။

အဆင့်ဆင့်ထုတ်လုပ်ရာတွင် ထွက်ရှိလာသည့် ပစ္စည်းနမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စီမံကိန်းဧည့်ရိပ်သာ၌ ယုဇနကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဌေးမြင့်က ကုမ္ပဏီမှ ဆီအုန်းစိုက်ပျိုးရန် လျာထားချက်နှင့် စိုက်ပျိုးပြီးစီးမှု၊ ပျိုးပင်များ ပျိုးထောင်ထားရှိမှု၊ ဝန်ထမ်းများနှင့် မိသားစုများအတွက် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ ဝန်ထမ်းအိမ်ရာ၊ သိုလှောင်ရုံ၊ ရုံးနှင့် စက်ရုံအဆောက်အအုံများတည်ဆောက်ထားမှု၊ ဆီသီးခူးဆွတ်မှု၊ ဆီကြိတ်ထုတ်လုပ်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ဆက်လက်၍ မြို့မိမြို့ဖများအား အဝတ်အထည်နှင့် ဆေးဝါးများကို ပေးအပ်ပြီး ကော့သောင်းမြို့ အထွေထွေရောဂါကုဆေးရုံကြီးအတွက် အောက်ဆီဂျင်ပေးစက်နှင့် မျက်စိခွဲစိတ်ကုအဏုကြည့်မှန်ပြောင်း (Eye Operation Microscope) တို့ကို ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးခင်ထံ ပေးအပ်သည်။

ရောက်ရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ကော့သောင်းမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေ ၅နာရီတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

တွေ့ဆုံ

နိုင်ငံတော် ဝန်ကြီးချုပ်သည် မြိတ်မြို့၊ ဘုတ်ပြင်းမြို့နှင့် ကော့သောင်းမြို့တို့တွင် အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ တစ်ချိန်က နိုင်ငံတစ်ဝန်းတွင် ရောင်စုံသောင်းကျန်းမှုများရှိခဲ့၍ လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု မရှိခဲ့သဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် နောက်ကျခဲ့ရမှု၊ တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ကို လက်ခံရယူခဲ့ချိန်မှစ၍ တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့မှု၊ တစ်ချိန်တည်းမှာပင် ခေတ်နောက်ကျနေသည့် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရန်ဆိုသည့် အမျိုးသားရေးရည်မှန်းချက်ချမှတ်ပြီး နယ်မြေဒေသများအားလုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းများ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်မှု။

နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် ကားလမ်း၊ ရထားလမ်း၊ လေကြောင်းလမ်း၊ ရေကြောင်းလမ်းနှင့် တယ်လီဖုန်းဆက်သွယ်မှုကွန်ရက်များ ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပြီး တစ်ပြိုင်တည်းမှာပင် ပညာရေး၊ ကျန်းမာရေး အပါအဝင် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဆောင်ရွက်ပေးခဲ့မှု။

နိုင်ငံတော်အစိုးရသည် ယင်းကဲ့သို့ အခြေခံကောင်းများကို တည်ဆောက်ပေးလျက်ရှိပြီး တစ်ဖက်ကလည်း နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံ ထူထောင်နိုင်ရေးအတွက် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ကာ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့မှု။

မှန်မှန်ကန်ကန်ရွေးချယ်

ယခုအခါ ပဉ္စမအဆင့်ဖြစ်သည့် ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲကျင်းပပေးရန် ဥပဒေ၊ နည်းဥပဒေများကို ထုတ်ပြန်ကြေညာထားခဲ့ပြီးဖြစ်၍ မကြာမီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးအတွက် ပြည်သူ့ကိုယ်စားလှယ်များကို အမြော်အမြင်ရှိရှိ မှန်မှန်ကန်ကန် ရွေးချယ်ဆုံးဖြတ်သွားကြရမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ရေး၊ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေး (၃)ပါးကို သားစဉ်မြေးဆက် ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်ရေး။

...ဗိုလ်ချုပ်ကြီးသိန်းစိန် ယုဇနကုမ္ပဏီ၏ ဆီအုန်း...စစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးတို့နှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် မြို့မိမြို့ဖများအား အဝတ်အထည်နှင့် ဆေးဝါးများကို ပေးအပ်ပြီး မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ သွေးရည်ကြည်ခွဲထုတ်စက် တပ်ဆင်ရန်အတွက် အလှူငွေများကို ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်တင်ဝေထံ ပေးအပ်ကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မြိတ်မြို့မှ ထွက်ခွာခဲ့ရာ နံနက် ၁၀နာရီ မိနစ် ၂၀တွင် ကော့သောင်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရဟတ်ယာဉ်များဖြင့် ဘုတ်ပြင်းမြို့မှ ဆက်လက်ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၁၂နာရီ ၁၀မိနစ်တွင် ကော့သောင်းမြို့နယ်ရှိ ယုဇနကုမ္ပဏီလီမိတက် ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှခင်းသာမှ ကုမ္ပဏီ၏ ဆီအုန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ရှခင်းသာတောင်ကုန်း၌ ယုဇနပင်ကို အမှတ်တရ စိုက်ပျိုးပေးသည်။

အမှတ်တရစိုက်ပျိုး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်၊ တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက သစ်ပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကုမ္ပဏီ၏ တစ်နာရီတန် ၆၀ ကျ ဆီအုန်းဆီကြိတ်စက်ရုံသို့ ရောက်ရှိပြီး ဆီအုန်းဆီကြိတ် ထုတ်လုပ်နေမှုနှင့် ဆီသီးမှ ဆီအုန်းဆီကြိတ်အဖြစ်သို့

ညှိနှိုင်းပေါင်းစပ် စီမံဆောင်ရွက်ပေးပြီး ယခု ဆီအုန်းစိုက်ပျိုးမှုသည် နိုင်ငံတော်၏ စားသုံးဆီ လိုအပ်မှုကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးသည်ဖြစ်၍ အောင်မြင်အောင် ဆောင်ရွက်ရန်၊ လုပ်ငန်းရည်မှန်းချက်အောင်မြင်အောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြပြီး တက်ရောက်လာကြသော ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၂နာရီ မိနစ် ၂၀တွင် ကော့သောင်းမြို့သို့ ရောက်ရှိကြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကော့သောင်းတပ်နယ် ဘုရင့်နောင်ခန်းမ၌ ခရိုင်နှင့်မြို့နယ်တို့မှ အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ခင်းကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

ယုဇနကုမ္ပဏီ၏ တစ်နာရီ တန် ၆၀ ကျ ဆီအုန်းဆီကြိတ်စက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်မှ တည်ဆောက်ပေးထားသည့် အခြေခံကောင်းများကို မိမိတို့စွမ်းအားဖြင့် ပေါင်းစပ်ပြီး စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပြီး ရေရှည်တည်တံ့အောင် ထာဝစဉ် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရေး၊ ပြည်သူများ စိတ်အေးချမ်းပြီး လုံခြုံစိတ်ချစွာဖြင့် နေထိုင်သွားလာနိုင်ရန် တရားဥပဒေစိုးမိုးရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်ရေး၊ လူမှောင်ခိုကူးမှုနှင့် တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက်မှုများကို ထိရောက်စွာ တားဆီးကာကွယ်ရေးတို့ကို မှာကြားသည်။ **(သတင်းစဉ်)**

၁၃၇၁ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ညှိနှိုင်းစည်းဝေး

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြား

ရန်ကုန် မတ် ၃၁

၁၃၇၁ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ၁၃၇၁ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးနာယက ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှင်းလင်းတင်ပြ

ထို့နောက် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့်က ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် စည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်ထားမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများ ထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်မှာကြား

ထို့နောက် တာဝန်ရှိသူများက မိမိတို့ ဆပ်ကော်မတီအလိုက် ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီအစည်းအဝေးကို ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက မိမိတို့ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လိုအပ်သည်များကို မှာကြား ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး၏ စံကျောင်းချအခမ်းအနားနှင့် အန္တိမအဂ္ဂိစျာပန ကျင်းပမည်

နေပြည်တော် မတ် ၃၁

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်ကြီး သက်တော်(၈၈)နှစ်၊ သိက္ခာတော် (၆၈)ဝါရှိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရသည် ၁၃၇၁ခုနှစ် တန်ခူးလဆန်း ၁၅ရက်၊ မတ် ၂၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ရာ ၁၃၇၁ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ရက်၊ ဧပြီ ၁၁ရက် (တနင်္ဂနွေနေ့)တွင် စံကျောင်းချအခမ်းအနားကိုလည်းကောင်း၊ ၁၃၇၁ ခုနှစ် တန်ခူးလပြည့်ကျော် ၁၄ရက်၊ ဧပြီ ၁၂ရက် (တနင်္လာနေ့)တွင် အန္တိမအဂ္ဂိစျာပနကိုလည်းကောင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကျောင်းတိုက်အတွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဆွေးနွေးမှာကြား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အစည်းအဝေး (၁၅/၂၀၁၀)တွင် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အစည်းအဝေး(၁၅/၂၀၁၀)ကျင်းပ

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး(၁၅/၂၀၁၀)ကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ၊ နိုင်ငံရေးပါတီ တည်ထောင်မှတ်ပုံတင်ခွင့်ဆိုင်ရာကိစ္စများနှင့် သင်တန်းပို့ချရေးကိစ္စများအတွက် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ပြန်လည်သုံးသပ်

ယင်းနောက် ကော်မရှင်အဖွဲ့ဝင်များက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ဥက္ကဋ္ဌက ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စက်မှုနှင့် လျှပ်စစ်ဆိုင်ရာ ဘာသာရပ်များ သင်ကြားပေးမည့် စက်မှုသင်တန်းကျောင်း(ပခုက္ကူ) ဖွင့်လှစ်ပွဲ ကျင်းပ

နေပြည်တော် မတ် ၃၁

အမှတ်(၂) စက်မှုဝန်ကြီးဌာနက မကွေးတိုင်း ပခုက္ကူမြို့၌ အကောင်အထည်ဖော်ဆောင်ရွက်သော စက်မှုသင်တန်းကျောင်း(ပခုက္ကူ) Industrial Training Centre (Pakokku) ဖွင့်လှစ်သည့် အခမ်းအနားနှင့် လွှဲပြောင်းသည့်အခမ်းအနားကို ယမန်နေ့ နံနက် ၇နာရီတွင် အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Aloke San တို့က စက်မှုသင်တန်းကျောင်း(ပခုက္ကူ) Industrial Training Centre (Pakokku) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဥက္ကဋ္ဌက စက်မှုသင်တန်းကျောင်း(ပခုက္ကူ) Industrial Training Centre (Pakokku) ၏ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများက အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကြသည်။

အမှာစကားပြောကြား

ထို့နောက် သင်တန်းကျောင်း လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို သင်တန်းခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် သံအမတ်ကြီး H.E. Mr. Aloke San တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် စက်မှုသင်တန်းကျောင်း(ပခုက္ကူ) Industrial Training Centre (Pakokku) လွှဲပြောင်းပေးသည့် Handing Over Certificate ကို မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်နှင့် အိန္ဒိယသမ္မတနိုင်ငံ Hindustan Machine Tools (International) Ltd. မှ Joint General Manager,Mr. I.G. Kandaraji တို့က လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများသည် စက်မှုသင်တန်းကျောင်း(ပခုက္ကူ) Industrial Training Centre (Pakokku) ရှိ သင်တန်းခန်းမ၊ ကွန်ပျူတာခန်းနှင့် လက်တွေ့ သင်ကြားခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

စက်မှုသင်တန်းကျောင်း(ပခုက္ကူ) Industrial Training Centre (Pakokku) ကို အိန္ဒိယသမ္မတနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် ၂၀၀၉ခုနှစ် မတ်လမှ စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါသင်တန်းကျောင်းတွင် စက်မှုနှင့် လျှပ်စစ်ဆိုင်ရာ ဘာသာရပ်ကိုးမျိုးကို တစ်နှစ်သင်တန်းများအဖြစ် သင်တန်းသား ၂၇၀ခန့်ကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီစည်းဝေး

ရန်ကုန် မတ် ၃၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ (၃/၂၀၁၀) အစည်းအဝေးကို မတ် ၃၀ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး) နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)က ယခင် (၂/၂၀၁၀)အစည်းအဝေးမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေကိုလည်းကောင်း၊ လုပ်ငန်းကော်မတီအသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း တင်ပြကြသည်။

အတည်ပြု

ဆက်လက်၍ မေလအတွင်းကျင်းပမည့် ပဉ္စမအကြိမ် စာပေညီလာခံနှင့် စပ်လျဉ်း၍ ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာ၊ အခမ်းအနားအစီအစဉ်နှင့် ညီလာခံသို့ ဖိတ်ကြားမည့် စာရင်းတို့ကို ဗဟိုအမှုဆောင်ကော်မတီဝင်များက ဆွေးနွေးအတည်ပြုကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညနေပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃၁

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ PARAMI FOUNDATION ၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဧပြီ ၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)က သုတရသစာပေခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

ထူးခြားသည့် နေ့အပူချိန်

၃၁-၃-၂၀၁၀

နေပြည်တော်ပျဉ်းမနား၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ဇောင်းတူမြို့နှင့် ဘားအံမြို့တို့တွင် ၄၀ဒီဂရီစင်တီဂရိတ်စီဖြစ်သည်။

အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်

နေပြည်တော် မတ် ၃၁

မတ် ၃၀ရက် ည ၁၁နာရီ ၂၂မိနစ် ၂၀စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် ၃၁၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ကပ္ပလီပင်လယ်ပြင်) တစ်နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် အင်ဒိုနီးရှား သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာတီအမ်နာတာလီဂါဝါတို့ ဦးဆောင်၍ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများအကြား တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိ

နေပြည်တော် မတ် ၃၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာတီအမ်နာတာလီဂါဝါနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ရန် ယနေ့နံနက် ၉နာရီတွင် နေပြည်တော်သို့လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုကြသည်။

အမြင်ချင်းဖလှယ်

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာတီအမ်နာတာလီဂါဝါတို့ ဦးဆောင်၍ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများအကြား တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ကျင်းပရာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဒေသအတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ကြသည်။

ယင်းနောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာပြီး နေပြည်တော်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းက အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်ဇနီးတို့အား နေပြည်တော်ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၄-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ဘဝအမောတွေ ဘယ်လိုဖြေကြမလဲ** တရားတော် ဆရာတော်ဘဒ္ဒန္တသောဘန
၆:၄၅ အဓိဋ္ဌာန်ပြုကာ ဆုခြွေမည် ဦးရာဇ်တော်စေတီ
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၇)
၈:၃၀ Sports World (2010 Formula1)
၈:၅၅ မြန်မာနိုင်ငံ ဓာတ်အားပေးခြင်း နှစ်ဦးကာလနှင့် မဟာဓာတ်အားလိုင်း စနစ် ရွှေရတု
၉:၂၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **နတ်ဝှက်ထားတဲ့ နှလုံးသား** ရိုက်ကွင်း အမှတ်တရ
၉:၄၀ Let's Dance (The Uranium Dance Studio)
၁၀:၁၀ ခါသကြံ့န် အဆိုအကများ
၁၀:၂၅ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၀:၃၀ ဈေးဝယ်လမ်းညွှန် (Dolly Bird)
၁၀:၅၅ လှိုင်မြို့နယ်အစည်းအရုံး၏ ပန်းချီပြပွဲ
၁၁:၀၅ Activities in the City (Sien-fig Birthday Party)
၁၁:၁၅ ဂီတသရုပ်ပြခန်း (သကြံ့န်တေးလက်ဆောင် -၁)
၁၁:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (ပညာတတ်ကြီးဖြစ်မှာလားနှင့် ဗေဒင်ပညာ)
၁၁:၅၅ ၁၉၉၄-၉၅ ခုနှစ် စီးပွားရေး တက္ကသိုလ်တွဲ့ရုများ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲ
၁၂:၁၀ ခါသကြံ့န် အဆိုအကများ
၁၂:၂၅ ရန်ကုန်မြင်ကွင်းကျယ် (Ushido & Insin Hair Fashion Show)
၁၂:၄၀ သာသနာ့ကောင်းကင်ယံက မွေ့ကထိကကြယ်စင်များ
၁:၀၀ **ဘဝအမောတွေ ဘယ်လိုဖြေကြမလဲ** တရားတော် ဆရာတော်ဘဒ္ဒန္တသောဘန
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival (We Love You Michael-2)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၇)
၄:၀၅ စာအုပ်စာပေလူ့မိတ်ဆွေ (ပညာတတ်ကြီးဖြစ်မှာလားနှင့် ဗေဒင်ပညာ)
၄:၂၅ Activities in the City (Sien-fig Birthday Party)
၄:၃၅ ဈေးဝယ်လမ်းညွှန် (Dolly Bird)
၅:၀၀ ခါသကြံ့န် အဆိုအကများ
၅:၁၀ မြန်မာနိုင်ငံ ဓာတ်အားပေးခြင်း နှစ်ဦးကာလနှင့် မဟာဓာတ်အားလိုင်း စနစ် ရွှေရတု
၅:၃၅ အနုပညာမိုးကောင်းကင်
၆:၀၀ MRTV-4 သတင်း
၆:၂၀ နေထိုင်မှုဝင့်ကြွား အဆင့်မြင့် အိမ်ရာစီမံကိန်းများ (Royal Rose နှင့် တက်တိုးနယ်ဉ် ကွန်ဒို)
၆:၄၀ ရန်ကုန်မြင်ကွင်းကျယ် (Ushido & Insin Hair Fashion Show)
၆:၅၅ ဘဝများ (ပန်းခင်းထဲကသူ)
၇:၀၀ Fashion Music Festival (We Love You Michael-2)
၇:၄၀ ၁၉၉၄-၉၅ ခုနှစ် စီးပွားရေး တက္ကသိုလ်တွဲ့ရုများ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲ
၈:၀၀ MRTV-4 သတင်း
၈:၃၀ Let's Dance (The Uranium Dance Studio)
၉:၀၅ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၇)
၁၀:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **နတ်ဝှက်ထားတဲ့ နှလုံးသား** ရိုက်ကွင်း အမှတ်တရ
၁၀:၂၀ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၀:၂၅ ဂီတသရုပ်ပြခန်း (သကြံ့န်တေးလက်ဆောင် -၁)
၁၀:၄၅ နေထိုင်မှုဝင့်ကြွား အဆင့်မြင့် အိမ်ရာစီမံကိန်းများ (Royal Rose နှင့် တက်တိုးနယ်ဉ် ကွန်ဒို)
၁၁:၀၅ ဘဝများ (ပန်းခင်းထဲကသူ)
၁၁:၁၀ **အားကိုးအားထား** ဖိုးသောကြာ၊ အကယ်ဒမီမိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ-ကောင်းမြတ်)
၁၁:၂၅ ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
၁၁:၃၅ ရွှေတောင်စက်ရုံ စွမ်းပကား စက်မှု(၁)ရဲ့အား
၁၁:၄၅ မြစ်ရေတင်စိုက်ပျိုးရာတွင် ရေအလေအလွင့်နည်းပါးရေး
၁၁:၅၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၁၀ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အလွတ်တန်း၊ သက်တန်းအလိုက်ပြိုင်ပွဲ အသင်းလိုက် တင်းနစ်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၃၁

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၁၀ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို မေ ၈ရက်မှ ၁၄ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တင်းနစ်အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစား

အဆိုပါပြိုင်ပွဲတွင် ပါဝင်မည့် ပြိုင်ပွဲအမျိုးအစားများမှာ အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ၊ သက်တန်းအလိုက်ပြိုင်ပွဲတွင် အသက် ၅၅နှစ်အထက် တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ၊ အသက် ၁၀နှစ်၊ ၁၂နှစ်၊ ၁၄နှစ်၊ ၁၆နှစ်နှင့် ၁၈နှစ်အောက် မျိုးဆက်သစ်လူငယ် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း ပြိုင်ပွဲများနှင့် အသင်းအလိုက်ပြိုင်ပွဲ (Inter Club) များ ပါဝင်မည်ဖြစ်သည်။

အသင်းအလိုက်ပြိုင်ပွဲ (Inter Club) တွင် နှစ်ယောက်တွဲ သုံးတွဲ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး တင်းနစ်အားကစားသမား ခုနှစ်ဦးအမည်စာရင်း ပေးသွင်းခွင့်ပြုထားကာ ပြည်နယ်နှင့် တိုင်းအဆင့်ဆင့် အသက် ၄၅နှစ်အထက် တစ်ဦးနှင့် အသက် ၅၀နှစ်အထက် တစ်ဦးသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားပြီး မြန်မာ့လက်ရွေးစင်အဆင့်နှင့် ပြည်နယ်နှင့် တိုင်းအဆင့်ရှိသူများ၊ အသက် ၆၀နှစ်အထက်ဖြစ်ပါက ပြိုင်ပွဲဝင်ဦးရေကို အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားသည်။

စီစဉ်ဆောင်ရွက်

ယင်းပြိုင်ပွဲအားလုံးသို့ ပြည်နယ်နှင့်တိုင်းများမှ လာရောက်ယှဉ်ပြိုင်သူများအတွက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က သတ်မှတ်ထားသော နှုန်းထားအတိုင်း ခရီးစရိတ် ထုတ်ပေးမည်ဖြစ်ပြီး သက်တန်းအလိုက် မျိုးဆက်သစ် လူငယ်တင်းနစ်ပြိုင်ပွဲသို့ဝင်မည့် အားကစားမောင်မယ်များကိုသာ ပြိုင်ပွဲရက်အတွင်း နေထိုင်စားသောက်မှုများကို စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစား မောင်မယ်များသည် မေ ၆ရက် ညနေ ၅နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (သိမ်ဖြူတင်းနစ်ကွင်း)သို့ စာဖြင့်သော်လည်းကောင်း၊ ဖုန်း-၃၇၂၃၆၀နှင့် ၃၈၁၉၈၁/၉၂၂-လိုင်းခွဲ (၀) သို့လည်းကောင်း အမည်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၃၁

ICT ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာလူငယ်များအတွင်း Computer Networking ပညာရပ်များ တိုးတက်ပြန့်ပွားစေရန်ရည်ရွယ်၍ NetInfo နည်းပညာသင်တန်းကကြီးမှူး၍ Simulator Demonstration for Cisco Networking Certifications Career ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info-Tech ရှိ Functional Hall-2၌ ဧပြီ ၃ရက် (စနေနေ့) နံနက် ၉ နာရီခွဲမှ နံနက် ၁၁နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲ၌ လူငယ်များအတွင်း နှစ်သက်ကြသော နိုင်ငံတကာအသိအမှတ်ပြု CCNA Networking Certificate ကို လွယ်ကူစွာရရှိစေရန် အကောင်းဆုံးနည်းလမ်းများကို ညွှန်ပြပေးခြင်း၊ သင်ရိုးညွှန်းတမ်းများကို တိကျသေချာစွာ လေ့လာနိုင်ရန် ကူညီပေးခြင်း၊ အသုံးပြုရမည့် Software များဖြင့် သရုပ်ပြခြင်းတို့ကို ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲသို့ မည်သူမဆို တက်ရောက်နိုင်ပြီး NetInfo နည်းပညာသင်တန်းကျောင်း ဖုန်း-၅၀၇၀၄၅၊ ၆၅၂၂၄၈ တို့သို့ ဆက်သွယ် စာရင်းပေးရမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ ဘိုင်ယန်မြူးနစ်နှင့် လိုင်ယွန်တို့ အိမ်ကွင်း၌အနိုင်ရ

မြူးနစ် မတ် ၃၁

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို မတ် ၃၁ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားရာ မန်ယူတို့ ဘိုင်ယန်မြူးနစ်အိမ်ကွင်း၌ အီဗီကာအိုလစ်၏ လေလွင့်ချိန်ဂိုးကြောင့် အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။

မန်ယူတို့ ပွဲစပြီး ၆၆စက္ကန့်မှာပင် နာနီ၏ တည်ကန်ဘောမှ တစ်ဆင့် ရွန်နေက မနားတမ်းကန်သွင်းယူခဲ့သဖြင့် စောစီးစွာမန်ယူတို့ ဂိုးရရှိခဲ့သည်။ ယင်းဂိုးဖြင့် မန်ယူတို့ ဘိုင်ယန်မြူးနစ်ကို ဦးဆောင်ကစားနိုင်ခဲ့သည်။

ပထမပိုင်း

အိမ်ရှင် ဘိုင်ယန်မြူးနစ်တို့သည် ပထမပိုင်းပွဲပြီးသည်အထိ အကြိတ်အနယ်ကစားသော်လည်း ချေပဂိုးမသွင်းနိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် ဘိုင်ယန်မြူးနစ်တိုက်စစ်မှူးများ ရုံဖန်ရံခါပြန်လည်ထိုးဖောက်ကစားလာသည်။ ပွဲချိန် မိနစ် ၇၀တွင် မန်ယူကစားသမား နဗီးလ် မန်ယူဂိုးပေါက်အနီး၌ လက်ထိဘောဖြစ်ခဲ့သည်။ ၎င်းလက်ထိဘောကို ရစ်ဘာရီကန်သွင်းရာမှ ဘိုင်ယန်မြူးနစ်တို့ ချေပဂိုးရရှိသွားသည်။ ယင်းဂိုးကြောင့် ဘိုင်ယန်မြူးနစ် တိုက်စစ်အား ပိုကောင်းလာသည်။ ပွဲသိမ်းလေလွင့်ချိန်တွင် ဘိုင်ယန်မြူးနစ်ကစားသမား အီဗီကာအိုလစ်က အနိုင်ဂိုးသွင်းယူခဲ့၍ ဘိုင်ယန်မြူးနစ်တို့ ပွဲအပြီး နှစ်ဂိုး-တစ်ဂိုး ဖြင့် အနိုင်ရခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းအတွက် ကွင်းလယ်ကစားသမား ရစ်ဘာရီ ချေပဂိုးသွင်းယူအပြီး ဤသို့အောင်ပွဲခံခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

လိုင်ယွန်နိုင်

ပြင်သစ်အသင်း လိုင်ယွန်သည် ဘော်ဒိုးကိုနိုင်ပြီး ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်မည့် အနေအထားသို့ ဦးတည်နေပြီဖြစ်သည်။

အိမ်ရှင် လိုင်ယွန်အသင်းသည် ပွဲစပြီး ၁၀မိနစ်အကြာ မီယာနီ၏အမှားကြောင့် လီဆန်ဒရိုလိုပက်ဇ်က အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သည်။ ယင်းဂိုးကို ဘော်ဒိုးကစားသမား ချာမတ်က ၁၄မိနစ်တွင် ခေါင်းတိုက်ပြီး ချေပဂိုး ပြန်လည်သွင်းယူပေးခဲ့သည်။ ယင်းချေပဂိုးကြောင့် ဘော်ဒိုးကစားသမားများ ယုံကြည်မှုပိုမိုအားကောင်းလာသည်။ သို့သော်လည်း လိုင်ယွန်တို့ တိုက်စစ်အား မြင့်တင်လာပြီး ပွဲချိန် ၃၂မိနစ်တွင် မိုကယ်ဘာစတို့စ်က လိုင်ယွန်အတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ လိုင်ယွန်နှင့် ဘော်ဒိုးကစားသမားများသည် ထပ်မံဂိုးသွင်းယူနိုင်ရေး အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ကြသည်။ ပွဲသိမ်းရန် ၁၅မိနစ်အလိုတွင် လိုပက်ဇ်က လိုင်ယွန်အတွက် တတိယအနိုင်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ဒုတိယအကျော့

မန်ယူနှင့် ဘိုင်ယန်မြူးနစ်တို့သည် မန်ယူအိမ်ကွင်း၌ ဧပြီ ၇ရက်တွင် ဒုတိယအကျော့ ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဘော်ဒိုးအိမ်ကွင်း

ထို့အတူ လိုင်ယွန်က ဧပြီ ၇ရက်တွင် ဘော်ဒိုးအိမ်ကွင်းသို့ သွားရောက်ကာ ဒုတိယအကျော့ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

လိုင်ယွန် တိုက်စစ်မှူး လိုပက်ဇ်နှင့် ဘော်ဒိုး နောက်တန်းလူ ဆိမ်းတို့ ဤသို့ အကြိတ်အနယ်....။ (အင်တာနက်ဓာတ်ပုံ)

မြင့်မောင်စိုး - ရေးသားသည်

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှုးယစ်ဆေး

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ယုဇန ကုမ္ပဏီ၏ ဆီသီးမှ ဆီအုန်းဆီကြမ်းအဖြစ်သို့ အဆင့်ဆင့် ထုတ်လုပ်ရာတွင် ထွက်ရှိလာသည့် ပစ္စည်း နမူနာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပရန် ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ခဲ့ပြီးဖြစ် ပြည်သူ့ကိုယ်စားလှယ်များကို မှန်မှန်ကန်ကန် ရွေးချယ်ဆုံးဖြတ်သွားကြရမည်

တည်ဆောက်ပေးထားသည့် အခြေခံကောင်းများကို မိမိတို့စွမ်းအားဖြင့် ပေါင်းစပ် စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်း၊ ရေရှည်တည်တံ့ရေး ထာဝစဉ်ထိန်းသိမ်း

နေပြည်တော် မတ် ၃၁

တနင်္သာရီတိုင်း ထားဝယ်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၃၀ ရက် နံနက်ပိုင်းတွင် ထားဝယ်တက္ကသိုလ် ပင်မလေးထပ်စာသင်ဆောင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီးနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်၊ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် ထားဝယ်မြို့မှ ထွက်ခွာခဲ့ရာ နံနက် ၁၀နာရီ ၄၅မိနစ်တွင် မြိတ်ခရိုင် ကျွန်းစုမြို့သို့ ရောက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

မြန်မာ့အလင်း သတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန် ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေကို စာမျက်နှာ(၄)တွင် ဖော်ပြထားပါသည်။